# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၆၀)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ရောဝတီတံတား(ရတနာပုံ) တံတားသံပေါင်များ တပ်ဆင်ပြီးစီး ကြမ်းခင်းရက်မနှင့် ကြမ်းခင်းကွန်ကရစ်ပြားများ ဆောင်ရွက်လျက်ရှိ တံတားအမြန်တည်ဆောက်ပြီးစီးရေး ကြိုးပမ်းလုပ်ကိုင်နေ

**နေပြည်တော် ဇွန် ၁၉**

မန္တလေးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် ဧရာဝတီတံတား (ရတနာပုံ)တည်ဆောက်ရေး မန္တလေးဘက်ကမ်း *စာမျက်နှာ ၃ ကော်လံ ၄* ✡





**ဧရာဝတီတံတား(ရတနာပုံ)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးခြင်းကို တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်၍ ဆောင်ရွက်လျက်ရှိ လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စတွင် သိသာထင်ရှားသည့် အောင်မြင်မှုရလဒ်များ ရရှိနေ

## အမေရိကန်ကွန်ဂရက်၏ လူကုန်ကူးခံရသူများ ကာကွယ်မှုအက်ဥပဒေနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများအနက် မြန်မာနိုင်ငံကို အဆင့်နိမ့်ဖြစ်သည့် အဆင့်(၃)တွင်သာ ဆက်လက်သတ်မှတ်ထားရှိခြင်းကို လုံးဝပယ်ချ

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုနှစ် ဇွန်လတွင် ထုတ်ပြန်သည့် **"လူကုန်ကူးမှုအစီရင်ခံစာ"**နှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်သည်။

အဆိုပါသတင်းထုတ်ပြန်ချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

**သတင်းထုတ်ပြန်ချက်**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယခုနှစ်ဇွန်လတွင် ထုတ်ပြန်သည့် **"လူကုန်ကူးမှုအစီရင်ခံစာ"**၌လည်း လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ရာတွင် အနိမ့်ဆုံးစံကိုပင် အကောင်အထည်ဖော်ရန် ပျက်ကွက်သည့်နိုင်ငံ၊ လူကုန်ကူးမှုတိုက်ဖျက်ရန် သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှု မပြုသည့် နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံကို တရားမျှတမှုမရှိစွာ ထပ်မံထည့်သွင်းထားခြင်းသည် စိတ်ပျက်ဖွယ်ရာဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ■

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

# သီးနှံအထွက်တိုးရေး အားသွန်ခွန်စိုက်ကြိုးပမ်း

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည်။ လယ်ယာ စိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းစေရန် ဆန်စပါးအပါအဝင် အဓိကသီးနှံ၁၀မျိုး အထွက်တိုးရေးကို အလေးထားဆောင်ရွက်သွားကြရန် လိုပေသည်။ ယင်းတို့အနက် ဆန်စပါးသည် အဓိကစားသုံးသီးနှံဖြစ်ရာ ဆန်စပါး ဖူလုံပိုလျှံအောင် စိုက်ပျိုးထုတ်လုပ်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

အထူးအထွက်တိုး ဆင်းရွှေလီမိုးစပါး စံပြဧက ၁၀၀ စိုက်ခင်း ကောက်စိုက်ပွဲနှင့် ထွန်တုံးဖွင့်ပွဲ၊ မူဆယ်ခရိုင် နွေစပါးအထွက်နှုန်း အကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိန်းလုံးကျေးရွာ၌ ဇွန်လ ၁၄ ရက်က ကျင်းပခဲ့သည်။

မူဆယ်ခရိုင်တွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိရာ နွေစပါးအထွက်နှုန်း အကောင်းဆုံးဆုပေးအပ်ချီးမြှင့်ပွဲတွင် တစ်ဧကအထွက်နှုန်း ၂၅၅ ဒသမ ၆၅ တင်းဖြင့် နမ့်ခမ်းမြို့နယ် နောင်စန့်ကျေးရွာမှ တောင်သူဦးစိုင်းအိုက်အေးက ပထမဆု ဆွတ်ခူးရရှိခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင်တွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်မြင်မှုရရှိခြင်းမှာ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား တောင်သူလယ်သမားများ၏ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုကြောင့် ဖြစ်သည်။

ထို့အပြင် တောင်သူလယ်သမားများက ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များရွေးချယ်ပြီး သတ်မှတ်ထားသော နည်းစနစ်များနှင့်အညီ စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုတို့ကြောင့်လည်း ဖြစ်သည်။

စိုက်ပျိုးရာတွင် မိုးစပါးအပြင် သီးထပ်သီးညှပ်များကိုပါ ရာသီအလိုက် ကြားညှပ် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုရရှိကာ ဒေသခံတောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ ပြည့်စုံဖူလုံလာစေသည်။

ဒေသအတွင်း စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်မြင့်မားလာစေရန် သီးနှံအလိုက် အထွက်နှုန်းတိုးရေး၊ ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေး ကြိုးပမ်းသွားကြရမည်ဖြစ်သကဲ့သို့ တိုးတက်ပြောင်းလဲနေသည့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို လေ့လာမှတ်သားလိုက်နာပြီး အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

တိုးတက်လာသော နိုင်ငံ့လူဦးရေအတွက် ပြည်တွင်းစားသုံးမှုဖူလုံရေး၊ ပြည်ပသို့ ပိုမိုတင်ပို့ ရောင်းချနိုင်ရေးအတွက် သီးနှံအထွက်တိုးရေး ကြိုးပမ်းဆောင်ရွက်ရင်း စိုက်ပျိုးရေးကဏ္ဍ ထုတ်ကုန်များ တိုးတက်ဖြစ်ထွန်းအောင်မြင်စေရန် တောင်သူလယ်သမားများက အားသွန်ခွန်စိုက် ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ပြည်သူများလက်ထဲမီတာများအမြန်ဆုံးရောက်ရှိရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၉

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် အလုံသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံ၏ ဓာတ်အားထိန်းချုပ်ခန်းအတွင်း ကြည့်ရှုရာ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်က ရေနွေးငွေ့ တာဘိုင်များ ထိန်းချုပ်မှုနှင့် သဘာဝဓာတ်ငွေ့တာဘိုင်များကို ကွန်ပျူတာများဖြင့် ထိန်းချုပ်မှုနှင့် သဘာဝဓာတ်ငွေ့သုံးစက်အမှတ်(၁/၂/၃)တို့၏ တာဘိုင်များကို ထိန်းချုပ်မှုတို့ကို ရှင်းလင်းတင်ပြရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက စက်ရုံနှင့်ပတ်သက်၍ ဆောင်ရွက်မှုတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။**

ယင်းနောက် ဝန်ကြီးသည် စက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ချမှတ်ထားသော လမ်းညွှန်ချက်များကို အကောင်အထည်ပေါ်အောင် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ကြိုးပမ်းဆောင်ရွက်မှုကို တစ်ဦး တစ်ယောက်ကောင်းဖြင့် မဟုတ်ဘဲ စုပေါင်းအားဖြင့် အားလုံးတက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်မြို့ သဘာဝဓာတ်ငွေ့သုံး စက်ရုံလေးရုံဖြစ်သော သာကေတ၊ အလုံ၊ ရွာမ၊ လှော်ကားစက်ရုံများမှ စက်ရုံမှူးများနှင့် တွေ့ဆုံရာ စက်ရုံမှူးများ ကိုယ်စား လှော်ကားစက်ရုံမှူး ဦးသိန်းဇော်က သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံကိုးရုံ ဓာတ်ငွေ့လိုအပ်ချက်ရရှိမှုနှင့် ဓာတ်အား ထုတ်လုပ်မှုစက်များ စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူးက စက်များ၏ အခြေအနေကို အသေးစိတ် ဖြည့်စွက်ရှင်းလင်းသည်။

ယင်းနောက် ဝန်ကြီးသည် စက်ရုံဝင်းအတွင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အမှတ်(၁/၃) စက်များ၏ ဘွိုင်လာများတွင် နိုင်ငံခြားမှဝယ်ယူရရှိပြီးသော ဘွိုင်လာကျွတ်များ အသစ်လဲလှယ်နိုင်ရန် ကြိုတင်ပြင်ဆင် ထားရှိမှုများ၊ Boiler Pipe အဟောင်းများနှင့် Cooling Towerကို ကြည့်ရှုသည်။

ဆက်လက်၍ ဝန်ကြီးသည် လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနသို့ ရောက်ရှိရာ ဦးဆောင်ညွှန်ကြားရေးမှူးက ဌာနတွင် ထားရှိသော Test Van ကားများမှာ Under Ground Cable Fault များရှာဖွေခြင်း လုပ်ငန်းတွင်လည်းကောင်း၊ပါဝါထရန်စဖော်မာများကို စမ်းသပ်စစ်ဆေးသည့်အခါတွင် လည်းကောင်း အသုံးပြုနေကြောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကားများမှာ လုပ်ငန်းခွင်တွင် အထူးအရေးပါသဖြင့် ရိုသေစွာ ကိုင်တွယ်ထိန်းသိမ်းရန် လိုကြောင်း၊ မပျက်စီးအောင် စစ်ဆေးမှုများ ပြုလုပ်ရန် လိုကြောင်း မှာကြားသည်။

### ကြပ်မတ်ဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးသည် လျှပ်စစ်စမ်းသပ်စစ်ဆေးရေးဌာနတွင် Brench (၄)ခု၌ ကီလိုဝပ်နာရီမီတာများ စမ်းသပ်စစ်ဆေးမှုကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**ဝန်ကြီးက ပြည်သူများလက်ထဲသို့ မီတာများ အမြန်ဆုံးရောက်ရှိ နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၀-၆-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇:၁၅ ၄။ မျိုးချစ်တပ်မတော်
၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Togo Vs Switzerland (Delay)
၆:၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၆။ နိုင်ငံတကာသတင်း
၆:၂၀ ၇။ မိုးလေဝသသတင်း
၆:၂၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၉။ လျှပ်တစ်ပြက်
၇:၀၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၃၈)
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၃။ ကျန်းမာသုတ
၁၄။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၅။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ Ecuador VsGermany (Live)

**၂၁-၆-၂၀၀၆ (နံနက်ပိုင်း)**

၀၁:၃၀ ၁။ FIFA WORLD CUP GERMANY 2006 ဘောလုံးပွဲ °Sweden Vs England (Live)

**အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် ခြံစည်းရိုးကြက်ဆူပင် ၃၆၀၀ စိုက်ပျိုးပွဲကို ဇွန် ၁၀ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်း မြေကွက်လပ်၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ တပျော်တပါး စိုက်ပျိုးကြစဉ်။** (၀၄၆)



# မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ မျက်ကွယ်ပြုကာ ဆန့်ကျင်ဘက်အမြင်များဖြင့် တုံ့ပြန်မှုများ မည်သို့ပင် ရှိစေကာမူ လူကုန်ကူးမှုကာကွယ်တိုက်ဖျက်ရေး အစွမ်းကုန်ကြိုးပမ်းသွားမည်

■ ရွှေဖုံးမှ

အစီရင်ခံစာ၏ အဆင့်ခွဲခြားချက်အရ မြန်မာနိုင်ငံကို မှားယွင်းစွာ အဆင့်ခွဲခြား သတ်မှတ်ချက်အပေါ် အခြေခံ၍ စီးပွားရေးပိတ်ဆို့မှုပြုလုပ်ရန် အဆိုပြုဆောင်ရွက်ချက်သည် နိုင်ငံတကာကျင့်ဝတ်နှင့် ညီညွတ်မှုမရှိရုံမျှမက နိုင်ငံတကာဥပဒေနှင့်လည်း ဝိရောဓိဖြစ်သည့်အပြင် နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် လွတ်လပ်မှုကို စော်ကားမော်ကား ပြုရာရောက်သည်။ သို့ပါ၍ မြန်မာနိုင်ငံအနေဖြင့် ယင်းသို့သော တရားမျှတမှုမရှိသည့် တစ်ဖက်သတ်ဆောင်ရွက်မှုကို ကန့်ကွက်သည်။

အစီရင်ခံစာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ရေးသားဖော်ပြချက်သည် ဝိရောဓိဖြစ်နေသည်။ မြန်မာနိုင်ငံကို လူကုန်ကူးမှုတိုက်ဖျက်ရာတွင် အနိမ့်ဆုံးသတ်မှတ်ထားသည့်စံကိုပင် လိုက်နာရန်ပျက်ကွက်သည့်နိုင်ငံ၊ သိသာထင်ရှားသည့် ကြိုးပမ်းအားထုတ်မှုမပြုသည့် နိုင်ငံအဖြစ် စွပ်စွဲထားသော်လည်း လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် စွဲချက်တင်မှုအပိုင်း၊ အကာအကွယ်ပေးမှုအပိုင်းတို့အပြင် ကြိုတင်ကာကွယ်မှု အပိုင်းတို့တွင် မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြု ဖော်ပြထားပြန်သည်။

အစီရင်ခံစာ၏ စွဲချက်တင်မှုအပိုင်းတွင် မြန်မာအစိုးရအနေဖြင့် ၂၀၀၅ခုနှစ် စက်တင်ဘာလအတွင်းက လိင်ကျွန်ပြုခြင်း၊ အတင်းအဓမ္မစေခိုင်းခြင်း၊ ကျွန်ပြုခြင်း၊ အစေခံပြုခြင်း၊ အကြွေးကြောင့်ကျွန်ပြုခြင်းများကိုပါ အာဏာသက်ရောက်မှုရှိသည့် လူကုန်ကူးမှုကာကွယ်တားဆီးရေးဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း၊ ယင်းဥပဒေသည် လူကုန်ကူးမှုပတ်သက်၍ ပြည်တွင်းတွင်ရော၊ ပြည်ပတွင်ပါ အကျိုးသက်ရောက်မှုရှိကြောင်း၊ ဥပဒေအရ အနည်းဆုံး ထောင်ဒဏ်၁၀နှစ်မှ တစ်သက်တစ်ကျွန်းအထိ အပြစ်ပေးစီရင်နိုင်ကြောင်း၊ လိင်ကျွန်ပြုခြင်းနှင့် လုပ်အား ခေါင်းပုံဖြတ်ခြင်းတို့နှင့်ပတ်သက်၍လည်း တူညီသောပြစ်ဒဏ်ချမှတ်နိုင်ကြောင်း၊ ၂၀၀၅ခုနှစ်အတွင်း မြန်မာအစိုးရအနေဖြင့် ဥပဒေသစ်အရ အမှုပေါင်း၂၀၃မှုကို စစ်ဆေးခဲ့ရာ လူကုန်ကူးသူ ၄၂၆ဦးတို့အား စွဲချက်တင်နိုင်ခဲ့ပြီး ၈၄၄ဦးတို့အား ကယ်တင်နိုင်ခဲ့ကြောင်း၊ ယင်းတို့အနက် အရေအတွက်တိကျစွာ ဖော်ပြနိုင်ခြင်းမရှိသော အချို့အမှုများမှာ အလွန်ဆိုးရွားသည့် လူကုန်ကူးမှုပုံစံမျိုးကို ကျူးလွန်ကြောင်း စသည်ဖြင့်အသိအမှတ်ပြုဖော်ပြထားသည့်အပြင် အစီရင်ခံသည့် ကာလအတွင်း အစိုးရအနေဖြင့် ရန်ကုန်မြို့နှင့် နယ်စပ်မြို့များရှိ လူကုန်ကူးမှုကို မျက်ခြည်မပြတ်စောင့်ကြည့်သည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဌာနခွဲ ရဲအရာရှိ မူလအရေအတွက် ၄၀မှ ၆၅ဦးသို့ တိုးမြှင့်ခန့်ထား တာဝန်ပေးအပ်ကြောင်းကိုလည်း အသိအမှတ်ပြု ဖော်ပြထားသည်။

အစီရင်ခံစာ၏ အကာအကွယ်ပေးမှုအပိုင်းတွင် မြန်မာအစိုးရက လူကုန်ကူးခြင်းခံရသူများ ပြန်လည်ပေါင်းစည်းရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း၊ ဗဟိုရဲသင်တန်းတက္ကသိုလ်၌လူကုန်ကူးမှုနှင့်ပတ်သက်၍ သင်ရိုးဘာသာရပ်တစ်ခုအဖြစ် ထည့်သွင်းပို့ချကြောင်း၊ လူကုန်ကူးခြင်းခံရသူများအား အကာအကွယ်ပေးမှုကဏ္ဍတွင် မြန်မာ-ထိုင်း နယ်စပ်၌ ထူထောင်ထားသည့် နေရပ်ပြန်ပို့ရေးစခန်း ဆောင်ရွက်ချက်အပါအဝင် အစိုးရအနေဖြင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းတို့နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မှုများကို အသိအမှတ်ပြု ဖော်ပြထားသော်လည်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများအပေါ် ကန့်သတ်ချက်၊ တားမြစ်ချက်များထားရှိသည်ဟု စွပ်စွဲဝေဖန်ထားသည်။

အစီရင်ခံစာ၏ ကြိုတင်ကာကွယ်မှုအပိုင်းတွင် လိင်ကျွန်ပြုရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးမှုပြုလုပ်ခြင်းကို အကာအကွယ်ပေးရန်အတွက် နယ်စပ်ဒေသများ၌ အစိုးရက ကမကထပြုသည့် ယင်းအန္တရာယ်များနှင့်ပတ်သက်၍ အုပ်စုလိုက်ဆွေးနွေးပွဲပြုလုပ်ခြင်း၊ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ သတင်းအစီအစဉ်များ အပါအဝင် အသိပညာပေးမှု အစီအစဉ်များ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အသစ်ထုတ်ပြန်သည့် လူကုန်ကူးမှုကာကွယ်တားဆီးရေးဥပဒေနှင့်အညီ တရားဥပဒေထိန်းသိမ်းရေးအရာရှိများအား သင်တန်းပို့ချခြင်း၊ လုပ်အားခေါင်းပုံဖြတ်ခြင်းနှင့် လိင်ကျွန်ပြုခြင်း အန္တရာယ် အသိပညာပေးသည့် အလုပ်ရုံဆွေးနွေးပွဲများကို အမျိုးသားအဆင့်နှင့် ဒေသအဆင့်တို့တွင် ပြုလုပ်လျက် ရှိကြောင်းဖြင့် အစိုးရ၏ဆောင်ရွက်ချက်များကို အသိအမှတ်ပြုဖော်ပြသော်လည်း လူကုန်ကူးမှုတားဆီးရန် ကြိုးပမ်းဆောင်ရွက်မှုများသည် လုံလောက်မှုမရှိသေးကြောင်း စွပ်စွဲဝေဖန်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် ဆိုးရွားသော ရာဇဝတ်မှုတစ်ခုဖြစ်သည့် လူကုန်ကူးခြင်းကိုတိုက်ဖျက်ရန် သန္နိဋ္ဌာန်ချမှတ်၍ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိပြီး လူကုန်ကူးမှုတိုက်ဖျက်ရေးကိစ္စတွင် သိသာထင်ရှားသည့် အောင်မြင်မှု ရလဒ်များရရှိနေသော်လည်း အမေရိကန်နိုင်ငံခြားရေးဌာနက အမေရိကန်ကွန်ဂရက်၏ လူကုန်ကူးခံရသူများ ကာကွယ်မှုအက်ဥပဒေနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများအနက် မြန်မာနိုင်ငံကို အဆင့်နိမ့်ဖြစ်သည့် အဆင့်(၃)တွင်သာ ဆက်လက်သတ်မှတ်ထားရှိခြင်းကို လုံးဝပယ်ချသည်။

မည်သို့ပင်ဖြစ်စေ မြန်မာအစိုးရအနေဖြင့် မြန်မာပြည်သူပြည်သားများအတွက် သာလွန်ကောင်းမွန်သည့် အနာဂတ် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဆုတ်မနစ် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်သာ ဖြစ်သည်။ အလားတူပင် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို မျက်ကွယ်ပြုကာ ဆန့်ကျင်ဘက်အမြင်များဖြင့် တုံ့ပြန်မှုများ မည်သို့ပင်ရှိနေစေကာမူ လူကုန်ကူးမှု ကာကွယ်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို အစွမ်းကုန်ကြိုးပမ်း အားထုတ်သွားမည်သာဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်**
**၂၀၀၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်**

**အိန္ဒိယနိုင်ငံ မဇ္ဈိမ ဒေ သ ဗုဒ္ဓ ဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန် မာ ကျောင်း (မူလ ကျောင်း ဟောင်း) တိုးချဲ့ မြေ ကွက် သစ် ဝယ် ယူ ရန် အတွက် အမှတ် ၁၃ ပြည်တော် အေးလမ်းဘောက် ထော် ပြည်သာ ယာနေ ဦးထွန်း အန့်၊ ဒေါ်လှ၊ ဒေါ်ခင်မိသားစုတို့က အလှူတော်ငွေကျပ် တစ်သိန်းကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းရှိ အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဒေါ်နုနုရီ(စွမ်းအင်)ထံ ပေးအပ်လှူဒါန်းစဉ်။**



(က-ပ)

☆ ရွှေဖုံးမှ

လုပ်ငန်းခွင်သို့ ရောက်ရှိရာ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် စစ်ကိုင်း တပ်နယ်မှ ဗိုလ်မှူးချုပ်တင်ထွန်းအောင်၊ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီးများနှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

## ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်တွင် အင်ဂျင်နီယာမှူးကြီးများဖြစ်ကြသော ဦးဌေးမြင့်နှင့် ဦးဆန်းဝင်းတို့က ရောဝတီတံတား(ရတနာပုံ)ဆိုင်ရာ အချက်အလက်များ၊ မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်းများ၊ တံတားများအခြေအနေ၊ ပင်မတံတား တည်ဆောက်ပြီးစီးမှုနှင့် ဆောင်ရွက်မှုအခြေအနေ၊ တံတားခုံးများ ဆက်သွယ်ပြီးစီးမှုများ အခြေအနေ၊ တံတားကြမ်းခင်း ရက်မနှင့် ကြမ်းခင်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က လိုအပ်သည်များကို ဖြည့်စွက်တင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားခဲ့ပြီး မန္တလေးဘက်ကမ်း ချဉ်းကပ်တံတား အခြေအနေ၊ ပင်မတံတား ကြမ်းခင်းရက်မများနှင့် ကြမ်းခင်းများခင်းနေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မန္တလေးဘက်ကမ်းမှ စစ်ကိုင်းဘက်ကမ်းသို့ ရေယာဉ်ဖြင့်ထွက်ခွာ၍ ရေလယ်ပင်မသံမဏိသံပေါင်ခုံးသုံးခု တပ်ဆင်ပြီးစီးမှု အခြေအနေနှင့် ရေလယ်တိုင်များအား ရေယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်တံတားပေါ်သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ခဲ့ပြီး ချဉ်း ကပ်တံတား နောက်ဆုံးခန်း ကွန်ကရစ်ခင်းမှု၊ သံပေါင်ရက်မများနှင့် ကြမ်းခင်းကွန်ကရစ်များ ဆောင်ရွက်နေမှုနှင့် စစ်ကိုင်းဘက်ကမ်း ချဉ်းကပ်လမ်း ဆောင်ရွက်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး စစ်ကိုင်း-မုံရွာလမ်း အိုးကြီးလမ်းဆုံ၌ အဝိုင်းလမ်းဆုံပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးမြို့ မြို့ပတ်လမ်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးနှင့် သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုနှင့် လမ်းဘေးဝဲယာတို့တွင် ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

## ကြိုးပမ်းဆောင်ရွက်

ဧရာဝတီတံတား (ရတနာပုံ) တံတားသည် ပင်မ တံတားအရှည် ၃၆၉၄ ပေရှည်ပြီး တံတားအရှည်မှာ ၅၆၁၄ပေဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၄၉ပေ လေးလမ်းသွားပါရှိသည်။ လူသွားလမ်းအကျယ်မှာ တစ်ဖက်လျှင် ခြောက်ပေရှိပြီး တံတားအောက်ရေလမ်း ကင်းလွတ်နယ်အကျယ် ပေ ၇၀၀၊ အမြင့် ပေ ၄၀၊ ယာဉ်တစ်စီးခြင်း ခွင့်ပြုတန် ၆၀ ဖြစ်သည်။ ယခုအခါ တံတားသံပေါင်များ တပ်ဆင်ပြီး၍ ကြမ်းခင်းရက်မနှင့် ကြမ်းခင်းကွန်ကရစ်ပြားများ ဆောင်ရွက်လျက်ရှိပြီး တံတားကို အမြန်တည်ဆောက်ပြီးစီးရေးအတွက် အထူးကြိုးပမ်း ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဧရာဝတီတံတား (ရတနာပုံ) တံတားတည်ဆောက်ပြီးစီးနေမှု အခြေအနေကို တွေ့ရစဉ်။** (သတင်းစဉ်)

❒ ကျောဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရှေးဦးစွာ မြန်မာကွန်ဗင်းရှင်းစင်တာ မုခ်ဦးရှိ မြေညီထပ်၌ အကြိုခင်းကျင်းပြသထားသော အရည်အသွေးမီ ကျောက်စိမ်းအရည်ကျောက် ကျောက်စိမ်းအရိုင်းတုံးများကိုလည်းကောင်း၊ ပထမထပ်၌ ခင်းကျင်းပြသထားသော ပုဂ္ဂလိက ကျောက်ကပ်ပန်းချီ ဆိုင်များနှင့် ကျောက်စိမ်းအချောထည်ဆိုင်များကိုလည်းကောင်း၊ မြေညီထပ်ရှိ ပုဂ္ဂလိက ကျောက်စိမ်း အတွဲများကို လည်းကောင်း၊ မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံ ပတ်ဝန်းကျင်ရှိ မြေကွက်လပ်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအထည်ကျောက် အရိုင်းတုံးများနှင့် အသားကျောက်အရိုင်းတုံး အတွဲများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဗဟိုကော်မတီဝင်များက ရှင်းလင်းပြသကြသည်။

## ပြန်လည်ထွက်ခွာ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကျောက်မျက်ရတနာခန်းမနှင့် ပထမထပ်၌ အကြိုခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ပုလဲအတွဲများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**

## ရှာရန်ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ မိုးအသင့် အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။**

# မုဒုံအသင်း( ရန်ကုန် ) ဝါဆိုသင်္ကန်းကပ်လှူပွဲ

**ရန်ကုန် ဇွန် ၁၉**

မုဒုံအသင်း(ရန်ကုန်)၏ အဌမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလဆန်း၇ရက် ဇူလိုင်၁ရက် စနေနေ့ နံနက် ၉နာရီတွင် မရမ်းကုန်းမြို့နယ် အမှတ် (၉)ရပ်ကွက် မြစပါယ်လမ်း၊ ဝိဇ္ဇောတာရုံ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတဆရာတော်အမှူးထား၍ ပင့်သံဃာ၁၅ပါးတို့အား ယင်းစာသင်တိုက်ဓမ္မာရုံကြီးတွင် ဝါဆိုသင်္ကန်း စုပေါင်းဆက်ကပ်မည်ဖြစ်သည်။ ရန်ကုန်ရောက် မုဒုံမြို့နယ်သူမြို့နယ်သားများနှင့်အသင်းဝင်များကြွရောက်ကြပါရန်နှင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း (ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ အတွင်းရေးမှူး ဦးသာလှ ဖုန်း-၅၃၉၄၅၃နှင့် ဘဏ္ဍာရေးမှူး ဦးစိုးတင် ဖုန်း-၅၃၈၇၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**





ရုရှားနိုင်ငံ မော်စကိုမြို့ရှိ ကမ္ဘာမြေဆွဲအားမရှိသော အထူးလေယာဉ် တစ်စင်းအတွင်း၌ ဩစတြေးလျ ကမ္ဘာလှည့်ခရီးသည်များ လေဟုန်စီးနေကြသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# ကမ္ဘာ့ အထည်အလိပ်လုပ်ငန်း၏ ဗဟိုချက် တောင်အာရှတွင် ပေါ်ပေါက်လာရန်မျှော်မှန်း

အစ္စလမ္မာဘတ် ဇွန် ၁၉

**အိန္ဒိယ၊ ပါကစ္စတန်နှင့်ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့သည် နိုင်ငံစုံကော်ပိုရေးရှင်းနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကြောင့် ကမ္ဘာ့အထည်အလိပ်လုပ်ငန်းကြီး၏ ဗဟိုချက်ကို တောင်အာရှတွင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပါကစ္စတန် တာဝန်ရှိသူများ၏ ပြောကြားချက်ကို ဇွန် ၁၇ ရက်က ဒေသဆိုင်ရာ မီဒီယာများက ဖော်ပြသည်။**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းကရာချိမြို့၌ သတ္တမအကြိမ် တောင်အာရှဒေသ ပူးပေါင်းဆောင်ရွက်ရေးအသင်း(ဆာအတ်) ၂၀၀၆ ကုန်စည်ပြပွဲ ဖွင့်လှစ်စဉ်အတွင်း ကရာချိကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဥက္ကဋ္ဌ ဟာရွန်းဖာရိုးကီက အထက်ပါအတိုင်း ပြောကြားလိုက်သည်။

တောင်အာရှ နိုင်ငံများသည် ကမ္ဘာလုံးဆိုင်ရာလွှမ်းခြုံမှုခေတ်ကာလတွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း မိမိတို့ဆာအတ်နိုင်ငံများသည် ဥရောပနိုင်ငံများ၏ အထောက်အပံ့ကို မျှော်ကိုးနေမည့်အစား တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်သင့်ကြောင်း၊ နည်း ပညာများနှင့် အရင်းအမြစ်များ ဖလှယ်ခြင်းဖြင့် ဒေသတွင်းစီးပွားရေး တောင့်တင်းလာနိုင်မည် ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

### ပြောကြား

သို့သော်လည်း ဆာအတ်ကို လွန်ခဲ့သော အနှစ် ၂၀က ဖွဲ့စည်းခဲ့သော်လည်း ယခုအထိ အောင်မြင်မှု မရသေးကြောင်းဖြစ်၍လည်း ၎င်းက ပြောကြားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

**မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ အရောင်းပြခန်းတွင် ပြသထားသော ပရိုတွန်ကားများကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# တိုနီဘလဲရာထူးမှ ဆင်းပေးရန် လေဘာပါတီဝင် လေးပုံသုံးပုံက လိုလားနေ

**လန်ဒန် ဇွန် ၁၉**

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ လာမည့်နှစ် စက်တင်ဘာလမတိုင်မီ ရာထူးမှဆင်းပေးရန် လေဘာပါတီအဖွဲ့ဝင် လေးပုံသုံးပုံနီးပါးက လိုလားနေကြောင်း စစ်တမ်းကောက်ယူချက်တစ်ရပ်တွင် ဇွန် ၁၇ရက်၌ ဖော်ပြသည်။

### မေးမြန်း

ဘလဲအား အာဏာရ လေဘာပါတီ၏ ၂၀၀၇ခုနှစ် စက်တင်ဘာလအကုန်နှစ်ပတ်လည် ကွန်ဖရင့်မတိုင်မီ နုတ်ထွက်ပေးရန် လေဘာပါတီအဖွဲ့ဝင် ၇၁ရာခိုင်နှုန်းက လိုလားနေကြောင်း လူထုသဘောထား စစ်တမ်းကောက်ယူသည့် ယူဂေါ့ဗ်က မေးမြန်းလေ့လာ တွေ့ရှိခဲ့သည်။

ယင်းတို့စစ်တမ်းကောက်ယူရာတွင် သုံးပုံတစ်ပုံခန့်က ယခုနှစ် နှစ်ပတ်လည် ကွန်ဖရင့်မတိုင်မီ လာမည့်သုံးလတွင် နုတ်ထွက်ပေးရန် လိုလားနေသည်ဟု ဖော်ပြသည်။

### သန္နိဋ္ဌာန်ချ

၂၀၀၄ခုနှစ်က ဘလဲကပြောကြားရာတွင် ၎င်းသည် လာမည့်ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိမ့်မည် မဟုတ်ကြောင်း၊ ၂၀၀၉ခုနှစ်အထိ တာဝန်အပြည့်ထမ်းဆောင်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားသည်။

### ဆက်လက်နေသွားဖွယ်ရှိ

လေဘာပါတီအမတ်များက ယင်းပါတီ၏ ခေါင်းဆောင်မှုကို မစ္စတာဘလဲက ဘဏ္ဍာရေးဝန်ကြီး ဂေါ်ဒွန်ဘရောင်းအား လာမည့်နှစ်လယ်တွင် လွှဲပြောင်းပေးလိမ့်မည်ဟု မျှော်လင့်ထားသည်။ သို့သော်လည်း မစ္စတာဘလဲသည် ၂၀၀၈ခုနှစ်တိုင်အောင် ဆက်လက်နေသွားဖွယ်ရှိကြောင်း ဘလဲ၏ ပြောခွင့်ရပုဂ္ဂိုလ်များက ပြောကြားသည်။

**အမ်အင်အေ၊ ရိုက်တာ**

## မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

## ရှန်ဟိုင်းရုပ်ရှင်ပွဲတော်

**တရုတ်နိုင်ငံ ရှန်ဟိုင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်သို့ တက်ရောက် လာသော တရုတ်မင်းသမီး ကျူးရှမ်ကို ဇွန် ၁၇ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# အမေရိကန်သမ္မတဘုရှ်အား စစ်ရာဇဝတ်သားဟု ဟိုင်ဒါပြောကြား

ဗီယင်နာ ဇွန် ၁၉

**အမေရိကန်သမ္မတဘုရှ်သည် စစ်ရာဇဝတ်သားဖြစ်သည်ဟု ဩစတြီးယား လက်ယာဝါဒီ ဂျော့ဂျ်ဟိုင်ဒါက ဇွန် ၁၇ရက်တွင်ပြောကြားလိုက်သည်။**

ဩစတြီးယားအစိုးရက ဗီယင်နာမြို့၌ အိမ်ရှင်အဖြစ်ကျင်းပသည့်ဘုရှ်နှင့် ဥရောပခေါင်းဆောင်များ အစည်းအဝေးကျင်းပမည့် ရက်မတိုင်မီက ပြောကြားလိုက်ခြင်းဖြစ်သည်။

### ပြောကြား

ဟိုင်ဒါ၏ အဖွဲ့သည်ဩစတြီးယားဝန်ကြီးချုပ်ဝေါ့ဖ်ဂမ်းချူဆယ်လ် အစိုးရညွန့်ပေါင်းအဖွဲ့မှ အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ဘုရှ်နှင့်ဥရောပခေါင်းဆောင်များ ဗုဒ္ဓဟူးနေ့ကပြုလုပ်သည့်အစည်းအဝေးသည် အဓိပ္ပာယ်မဲ့သော အစည်းအဝေး ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဥရောပမှ တောင်းဆိုသော အရာတွေကို သမ္မတဘုရှ်လုပ်ဆောင်ပေးနိုင်လိမ့်မည်ဟု မိမိမထင်ကြောင်း ဟိုင်ဒါက ပြောကြားလိုက်သည်။

### တွေ့ဆုံမေးမြန်း

ဘုရှ်သည် စစ်ရာဇဝတ်သားဖြစ်ပြီး အီရတ်အပေါ်စစ်ပွဲဆင်နွှဲခြင်းသည် မုသားပြောဆိုပြီး တမင်တကာ အကြောင်းမဲ့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း ဩစတြီးယားသတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် ဟိုင်ဒါက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

### လုပ်ဆောင်

အီရတ်ပြည်သူများသည် စစ်ကြောင့် စိုးရိမ်ထိတ်လန့်မှုဝေဒနာကို ခံစားနေရကြောင်း၊ ဘုရှ်သည် အီရတ်ပြည်သူများကို စစ်ရဲ့သားကောင်များဖြစ်အောင် လုပ်ဆောင်ခဲ့သည်ဟု ၎င်းကထပ်လောင်းပြောကြားလိုက်သည်။

**အမ်အင်အေ၊ ရိုက်တာ**

## အိမ်ရာမြေပြပွဲ

**တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ်တွင်ကျင်းပသည့် အိမ်ရာမြေပြပွဲတွင် ဘောလုံးချစ်ပရိသတ် အလှမယ်များဖြင့် အရောင်းမြှင့်တင်ရေး ဆောင်ရွက်နေသည်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# ဟင်းသီးဟင်းရွက် စားသုံးခြင်းသည် သွေးပြန်ကြောတင်းမာမှုကို လျော့နည်းစေနိုင်

**ဝါရှင်တန် ဇွန် ၁၉**

ဟင်းသီးဟင်းရွက်များစားသုံးခြင်းသည် ကျွန်ုပ်တို့အတွက် အကောင်းဆုံး အစားစာဖြစ်နိုင်သည်။ ဟင်းသီးဟင်းရွက်ငါးမျိုးကို ရောနှော၍ စားသုံး ခြင်းသည် သွေးပြန်ကြောများ တင်းမာခြင်းကို လျော့နည်းစေကြောင်း ကြွက်များအား စမ်းသပ်လေ့လာမှုအရ တွေ့ရှိခဲ့ကြောင်း သုတေသနပြုချက်များကို အာဟာရဂျာနယ်တွင် ဖော်ပြထားသည်။

ဟင်းသီးဟင်းရွက်များကို ပိုမိုစားသုံးခြင်းသည် ကောင်းသည်ဆိုသည့် ယူဆချက်ကို လူတိုင်းသိသော်လည်း စားသုံးခြင်းကြောင့် သွေးကြောမာရောဂါဖြစ်ပွားခြင်းကို အကာအကွယ်ပေးနိုင်သည်ဆိုသည်ကို ယခင်က မည်သူမျှ သက်သေပြခဲ့ခြင်း မရှိခဲ့ကြောင်း ဗိုတ်ဖော်ရက်တက္ကသိုလ်မှ သုတေသန ပြုအဖွဲ့ခေါင်းဆောင် မိုက်ကယ်အေဒမ်စ်က ပြောကြားသည်။ ဟင်းသီးဟင်းရွက် ပါဝင်မှုများသော နေ့စဉ်အစားစာများသည် နှလုံးရောဂါနှင့် လေဖြတ်ခြင်းကိုလည်း အကာအကွယ်ပေးနိုင်သည်ဟု အကြံပြုထားသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# အာဆီယံနိုင်ငံများမှ သစ်သီးဝလံများ တရုတ်နိုင်ငံမှ ဝယ်ယူမှုအားကောင်းနေ

နန်နင်း ဇွန် ၁၉

**တရုတ်နိုင်ငံရှိ ပြည်သူအများစုသည် အရှေ့တောင်အာရှနိုင်ငံများမှထွက်ရှိသော သစ်သီးဝလံများကို လွန်ခဲ့သောနှစ်များက ဝယ်ယူစားသုံးမှု များပြားလာကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

ဒူးရင်း၊ သရက်၊ လိမ္မော်နှင့် အခြား အပူပိုင်းဒေသထွက် သစ်သီးဝလံများ တရုတ်တောင်ပိုင်း သစ်သီးဝလံလက်ကားဈေးများ၌ ရှားပါးခြင်းမရှိတော့ကြောင်း၊ လွန်ခဲ့သောသုံးနှစ်က ယင်းသစ်သီးများ၏ ဈေးနှုန်းမှာလည်း သုံးပုံနှစ်ပုံကျဆင်းသွားကြောင်း ကွမ်စီကျောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ မြို့တော်နန်နင်း သစ်သီးဈေးတစ်ဈေးမှ စားသုံးသူ လီယူရှာမန်းက ပြောကြားသည်။

**ပြောကြား**

အာဆီယံနိုင်ငံအချို့မှ သစ်သီးဝလံများကို တင်ပို့မည့်အလားအလာရှိသောကြောင့် ယခုနှစ်ပထမနှစ်ဝက်တွင် တိုးတက်လာမည်ဖြစ်ကြောင်း ကွမ်စီကျောင်းရှိ စားသုံးသူများက ပြောကြားသည်။

**တိုးတက်**

ယခုနှစ် ပထမ လေးလတာကာလအတွင်း အာဆီယံနိုင်ငံများမှ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးဝလံ တန်ချိန် ၃၂၈၀၀၀တန် တင်သွင်းခဲ့ကြောင်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆၁ဒသမ ၆သန်းဖိုးရှိကြောင်း၊ ယင်းမှာ နှစ်အလိုက် ၈၂ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အဆိုပါသတင်းရပ်ကွက်များမှ သိရသည်။

**အကျိုးရလဒ်**

အာဆီယံနိုင်ငံများမှ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များ တင်သွင်းမှုမြင့်တက်လာခြင်းသည် စောစီးစွာ ရိတ်သိမ်းမှု အစီအစဉ်၏ အကျိုးရလဒ်ကြောင့် ဖြစ်ကြောင်း တရုတ်နိုင်ငံတကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့မှ စိုက်ပျိုးရေး ကျွမ်းကျင်ပညာရှင် လီရှင်ဂွမ်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ရေနွေးကြမ်းသောက်ခြင်းသည် ကျန်းမာရေးကို အထောက်အကူပြု

**ဝါရှင်တန် ဇွန် ၁၉**

ဆေးလိပ်သောက်သုံးခြင်းသည် နှလုံးရောဂါနှင့် အဆုတ်ကင်ဆာရောဂါများကို ဖြစ်ပွားစေနိုင်သည်။ လူအများ ဆေးလိပ်သောက်ကြသည့် အာရှနိုင်ငံများတွင် ယင်းရောဂါများ ဖြစ်ပွားမှုနှုန်းသည် ထူးထူးခြားခြား အနိမ့်ဆုံးအဆင့်၌ တည်ရှိလျက်ရှိသောကြောင့် ပဟေဠိဖြစ်ခဲ့ရသည်။

**တွေ့ရှိ**

သို့သော် ရေနွေးကြမ်းသောက်ခြင်းသည် ယင်းပဟေဠိဖြေရှင်းနိုင်ရန် တစ်စိတ်တစ်ဒေသ ခိုင်လုံသော အထောက်အထားများရှိနေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ ရေနွေးကြမ်းသောက်ခြင်းသည် နှလုံးကျန်းမာရေးကို ပိုမိုကောင်းမွန်စေပြီး ကင်ဆာရောဂါဖြစ်ပွားမှုနည်းပါးစေသည့် ဆက်နွယ်မှုရှိသော သက်သေ သာဓကများကို ယေးတက္ကသိုလ် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

**ပေးစွမ်းနိုင်**

ထို့အပြင် သုတေသနပြုချက်၏ ညွှန်ပြချက်များတွင် လက်ဖက်ရည်ကြမ်းတွင် အန်တီအိုစီဒင့် ဒြပ်ပါဝင်မှုများပြားသောကြောင့် ကျန်းမာရေးအတွက် အကျိုးရလဒ်ကို ပေးစွမ်းနိုင်လိမ့်မည်ဖြစ်ကြောင်း ယင်းတက္ကသိုလ်မှ ဒေါက်တာ ဆမ်ပီယိုက ပြောကြားသည်။

အောက်ဆီဂျင်မပါသော အခြေခံအရင်းအမြစ်များ လွန်ကဲစွာ ပါဝင်မှုသည် လူ့ခန္ဓာကိုယ်ဆဲလ်များကို ပျက်စီးစေပြီး ရောဂါဖြစ်ပွားမည့် အခြေအနေသို့ ဦးတည်လျက်ရှိသည်။ အန်တီအိုစီဒင့်ဒြပ်သည် ယင်းအောက်ဆီဂျင်မပါသော အခြေခံအရင်းအမြစ်များကို ချေဖျက်ပေးရာတွင် အထောက်အကူပြုသည်။

အနောက်နိုင်ငံများ သောက်သုံးသောကော်ဖီမှုန့်ထက် ဂျပန်၊တရုတ်နှင့် အခြားအာရှနိုင်ငံများရှိ ပြည်သူများသည် ရေနွေးကြမ်းသောက်သုံးသည့် ဓလေ့ကြောင့် အန်တီအိုစီဒင့် ဒြပ်ကို ပိုမိုရရှိခဲ့ကြသည်။

**အမ်အင်အေ၊ရိုက်တာ**



**ဂျာမနီနိုင်ငံ ဘရီမန်မြို့တွင်ပြုလုပ်သည့် ရိုဘိုဖလား ၂၀၀၆ပြိုင်ပွဲတွင် စက်ရုပ်များ ဘောလုံး ယှဉ်လုနေသည်ကို ဇွန် ၁၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)




# လေယာဉ်အပိုင်စီးရန်ကြိုးပမ်းသူအား တောင်အာဖရိက၌ ဖမ်းဆီးနိုင်ခဲ့

**ဂျိုဟန်နစ္စဘတ် ဇွန် ၁၉**

တောင်အာဖရိကလေကြောင်းလိုင်း(အက်စ်အေအေ)မှ ပြည်တွင်းလေကြောင်းလိုင်း ပျံသန်းနေသော လေယာဉ်တစ်စင်းအား ဇွန် ၁၇ရက်က လက်နက်ကိုင်ဆောင်ထားသူတစ်ဦးက အပိုင်စီးရန်အတွက် ကြိုးပမ်းခဲ့ကြောင်း၊ သို့သော် ၎င်းလေယာဉ်မှူးအခန်းအတွင်းသို့ မဝင်ရောက်နိုင်သေးမီ အချိန်တွင် ဖမ်းဆီးထားလိုက်ကြောင်း ယင်းလေကြောင်းလိုင်းမှ ပြောကြားသည်။

ခရီးသည်တစ်ယောက်က လေယာဉ်အမှုထမ်းတစ်ဦးအား လက်နက်ဖြင့် ခြိမ်းခြောက်၍ လေယာဉ်မှူးအခန်းတွင်းသို့ ပို့ဆောင်ပေးရန် တောင်းဆိုနေသည်ကို တွေ့ရှိခဲ့ကြောင်း အက်စ်အေအေမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ကွိုက ပြောကြားသည်။

ကိတ်တောင်းမြို့မှ ဂျိုဟန်နစ္စဘတ်မြို့သို့ ပျံသန်းလာသော ခရီးစဉ်တွင် ဖြစ်ပွားခဲ့ရခြင်းဖြစ်သည်။ လေယာဉ်သည် ကိတ်တောင်းမြို့သို့ ပြန်လည်ပျံသန်းလာခဲ့ပြီး လေဆိပ်တွင် အသက်၂၁နှစ်ရှိသူက လေယာဉ်အပိုင်စီးရန် ကြိုးပမ်းသူအား ဖမ်းဆီးခဲ့သည်ဟု ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ**

# ဘဂ္ဂဒက်ဈေး၌ပေါက်ကွဲမှုဖြစ်ပွား ခြောက်ဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၉

**ဘဂ္ဂဒက်အလယ်ပိုင်းရှိ လူစည်ကားသော ဈေးတစ်ဈေးတွင် ဇွန် ၁၇ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် လူခြောက်ဦးသေဆုံးခဲ့ပြီး ၁၁ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ ပြောကြားသည်။**

**ယင်းပေါက်ကွဲမှုသည် ဟာရာဈေးတွင် နံနက် ၁၀နာရီ ၁၅မိနစ်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ယင်းပေါက်ကွဲမှုကြောင့် ကားများနှင့်ဈေးဆိုင်များလည်း ပျက်စီးခဲ့ကြောင်း၊ စောစောပိုင်းကလဲ ဘဂ္ဂဒက်မြောက်ပိုင်းရှိ အခြားဈေးတစ်ဈေးကို မော်တာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် နှစ်ဦးသေဆုံးပြီး ၁၄ဦးဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းများ အရသိရသည်။** အမ်အင်အေ၊ဆင်ဟွာ

# တူရကီ၌ဗုံးပေါက်ကွဲ

**အန်ကာရာ ဇွန် ၁၉**

တူရကီနိုင်ငံအရှေ့ပိုင်း ဗန်ပြည်နယ်တွင် ဇွန်၁၆ရက်က ဗုံးပေါက်ကွဲမှုကြောင့် လူသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အနာတိုလီယာ သတင်းဌာနက ပြောကြားသည်။

အဝေးထိန်းခလုတ်ဖြင့် ပေါက်ကွဲစေသော ၎င်းဗုံးအား အမှိုက်ပုံးထဲတွင် ထည့်ထားခဲ့ပြီး ဖောက်ခွဲခဲ့ခြင်းဖြစ်သည်။ ယင်းဗုံးပေါက်ကွဲမှုကြောင့် လူသုံးဦးဒဏ်ရာရရှိခဲ့ပြီး အဆောက်အအုံသည် ဆိုးဆိုးရွားရွား ပျက်စီးခဲ့ရသည်။

ယင်းပေါက်ကွဲမှုသည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် စစ်သွေးကြွများ အမှိုက်ပုံးအတွင်း ဗုံးထည့်၍ ဇွန် ၁၅ ရက်က ဖောက်ခွဲခဲ့သောကြောင့် လူလေးဦး ဒဏ်ရာရရှိခဲ့သည့် ပေါက်ကွဲမှုဖြစ်ပွားပြီး နောက်တစ်နေ့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာ့အကြီးဆုံး လက်ရေးပန်းချီကား



**ကမ္ဘာ့အကြီးဆုံး လက်ရေးပန်းချီကားကြီးတစ်ခုကိုတွေ့ရစဉ်။ (ယာပုံ)**

ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့ တွင် အကျယ်စတုရန်းမီတာ ၁၈၀၀ ရှိပြီး လက်ရေးပန်းချီ အရုပ်ပေါင်း တစ်သိန်းကျော်ပါဝင်ကာ ဟန်ဂေရီနိုင်ငံရှိ မြို့ငါးမြို့မှ ပန်းချီဆွဲသူ ၃၅၀၀ တို့က စုပေါင်းရေးဆွဲထားသော ပန်းချီကားဖြစ်သည်။ ၎င်းပန်းချီကားသည် ကမ္ဘာပေါ်တွင် အကြီးဆုံး လက်ရေးပန်းချီကားကြီး အဖြစ်ဂင်းနက်စ် မှတ်တမ်းဝင်မည်ဖြစ်သည်။

**(အင်တာနက်)**



## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

# ပေါင်ငွေ ၁၃ သန်းကျော်တန်နာရီ

**ပေါင်ငွေ ၁၃ သန်းကျော်တန် နာရီတစ်လုံးကို တွေ့ရစဉ်။ (ဝဲပုံ)**

အဆိုပါ တိုင်ကပ်နာရီပုံစံ အိပ်ဆောင်နာရီလေးကို လန်ဒန်မြို့တွင် မကြာမီက လေလံတင်ရောင်းချခဲ့ရာ ပေါင်ငွေ စုစုပေါင်း ၁၃၆၅၈၇၂၈ ရရှိခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

## လပွတ္တာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

လပွတ္တာမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ ဇွန် ၂၅ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် လပွတ္တာမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းသူ အသင်းသားများ တက်ရောက်ကြပါရန် အသင်းအမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**



## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၆-၂၀၀၆**
**(အင်္ဂါနေ့)**
**နံနက်ပိုင်း**

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ကြည်နူးပျော်ရွှင်ဖွယ်ရာ ကရဝိက်ဥယျာဉ်ကမ္ဘာ Kid's Day ပွဲတော်
- ၇း၂၀ တေးဂီတအစီအစဉ်
- ၇း၂၅ Sunday Talk
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၃၅ သတ္တုတူးသောရွာကလေး
- ၈း၄၅ တေးဂီတအစီအစဉ်
- ၈း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၅၅ ကုသိုလ်ပြုဆင်နွှဲ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဈေးရောင်းပွဲ
- ၉း၁၀ Celebrity Profile ( ဝင်းဦး)
- ၉း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀း၀၀ ဆီးချိုသွေးချိုရောဂါနှင့် အင်ဆူလင် အသုံးပြုပုံအကြောင်း (အပိုင်း-၃)
- ၁၀း၂၀ တေးဂီတအစီအစဉ်
- ၁၀း၂၅ နိုင်ငံတကာအနုပညာရေးရာ
- ၁၀း၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၅၀ **လောကရဲ့ အလှရတနာ** (ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
- ၁၁း၀၅ တေးဂီတအစီအစဉ်
- ၁၁း၁၀ မြန်မာ့ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲ (၂၀၀၆)
- ၁၁း၃၅ တေးဂီတအစီအစဉ်
- ၁၁း၄၀ စလင်းရေလှောင်တမံ
- ၁၁း၅၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၅၅ တေးဂီတအစီအစဉ်
- ၁၂း၀၀ MRTV -4 အပိတ် Logo

**အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

■ ကျောဖုံးမှ

- **ပါရာဂွေးနဲ့ ထရီနီဒက်ပွဲမှာ ထရီနီဒက်တို့ မျှော်လင့်ချက်ရှိနိုင်တယ်၊ လက်ရှိမှာ ထရီနီဒက်တို့ တစ်မှတ်ရနေပေမယ့် အင်္ဂလန်ကို ဆွီဒင်ရှုံးပြီး ထရီနီဒက်က ပါရာဂွေးကို အနိုင်ရခဲ့ရင် လေးမှတ်တူနေတာကြောင့် ဘာပဲဖြစ်ဖြစ် မျှော်လင့်ချက် ရှိနိုင်တယ်၊ ဒါကြောင့်ထရီနီဒက်တို့ ခြေကုန်ထုတ်ပြီး ကစားမှာပါ။**

အဆိုတော် သက်အောင်

- **အီကွေဒေါနဲ့ ဂျာမနီပွဲမှာ ဂျာမနီတို့က ခြေစွမ်းပိုကောင်းပါတယ်၊ တိုက်စစ်မှာ ဂျာမနီကို ပိုကြိုက်တယ်၊ ဂျာမနီတို့ သရေနဲ့ အနိုင်ပါပဲ။**
- **ပိုလန်နဲ့ ကော့စတာရီကာပွဲကတော့ နှစ်သင်းစလုံး စိတ်ဖိစီးမှုမရှိဘဲ ကစားကြမှာပါ၊ အနိုင်အရှုံးရလဒ်က အရေးမပါတော့ဘူး၊ အကြိုက်ကတော့ ကော့စတာရီကာအသင်းပါ၊ နိုင်မယ်ထင်ပါတယ်။**
- **ဆွီဒင်နဲ့ အင်္ဂလန်ပွဲမှာ ဆွီဒင်နိုင်မယ်ထင်တယ်၊ ဆွီဒင်ကို အင်္ဂလန် အနိုင်ကစားဖို့ မလွယ်ပါဘူး။ ဆွီဒင်က ခြေကုန်ထုတ်ကစားမှာ သေချာတယ်၊ အင်္ဂလန်အသင်းကောင်းပေမယ့် ဆွီဒင်ကစားပုံ ပိုကြိုက်တယ်။**
- **ပါရာဂွေးနဲ့ ထရီနီဒက် ပွဲစဉ်ကတော့ ပါရာဂွေး ဒီနှစ်ရလဒ်မကောင်းပေမယ့် ထရီနီဒက်နဲ့ပွဲကို အနိုင်ကစားမှာ သေချာတယ်။** (မြန်မာ့အလင်း)

## တောင်အာဖရိက အမ်တီအင်န်ကုမ္ပဏီက ဆီးရီးယားမိုဘိုင်းလ်ဖုန်းကုမ္ပဏီကိုဝယ်မည်

တောင်အာဖရိက အမ်တီအင်န်တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းတစ်ခုက ဆီးရီးယားနိုင်ငံမှ ပုဂ္ဂလိကမိုဘိုင်းလ်ဖုန်းကုမ္ပဏီတစ်ခုကို ဝယ်ယူမည်ဖြစ်ကြောင်း၊ ပထမအဆင့် ဝယ်ယူမှုတန်ဖိုးမှာ အမေရိကန် ဒေါ်လာ တစ်ဘီလီယံရှိကြောင်း ဆီးရီးယားတိုင်းမ်သတင်းစာက ဇွန် ၁၈ ရက်၌ သတင်းထုတ်ပြန်လိုက်သည်။

အရှေ့အလယ်ပိုင်းဒေသမှ အာရီးဘာမိုဘိုင်းလ်ဖုန်းကုမ္ပဏီကို တောင်အာဖရိက အမ်တီအင်န်တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းက မကြာမီအချိန်အတွင်း အဆိုပါကုမ္ပဏီတစ်ခုလုံးအား အမေရိကန်ဒေါ်လာ ၅ဒသမ၅ ဘီလီယံဖြင့် ဝယ်ယူမည်ဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါ အာရီးဘာမိုဘိုင်းလ်ဖုန်းကုမ္ပဏီသည် ဆီးရီးယားနိုင်ငံ၏ ပြည်တွင်း မိုဘိုင်းလ်ဖုန်းဈေးကွက်၌ ဝေစု ၄၅ ရာခိုင်နှုန်းရရှိထားသော ကုမ္ပဏီတစ်ခုလည်းဖြစ်သည်။ **(အင်တာနက်)**

## အသက်ကြီးသူ အမျိုးသမီးများ မျိုးဆက်ပွားရေး ပိုမိုအားပေးကူညီသင့်

အမျိုးသမီးများ အသက် ၃၀ ကျော်၊ ၄၀ ကျော်အရွယ်တွင် မိခင်များဖြစ်လာစေရေး ယခုထက်ပိုမိုကူညီအားပေးသင့်ကြောင်း မျိုးဆက်ပွားများရေး ပါရဂူ လန်ဒန်မြို့ ဘရစ်စင်တာမှ ဒေါက်တာလောရင့်စ်ရှောက ပြောကြားလိုက်သည်။

လူသားတို့ သက်တမ်းပိုရှည်လာခြင်းမှာ အမျိုးသမီးများ သန္ဓေသားကိုလွယ်ကာ ကလေးမွေးဖွားပေးချိန်ပိုလာသည့် အဓိပ္ပာယ်ရှိကြောင်း ဒေါက်တာလောရင့်စ်ရှောက ပြောဆိုသည်။

ယင်းသဘောထားကို ပရာဟာမြို့၌ ကျင်းပမည့် ဥရောပမျိုးဆက်ပွားရေးညီလာခံတွင် ဒေါက်တာလောရင့်စ်ရှောက ဆွေးနွေးမည်ဟု သိရသည်။



မျိုးဆက်ပွားနှုန်း လျော့နည်းကျဆင်းလျက်ရှိရာ အမျိုးသမီးများအနေဖြင့် ကလေးသူငယ်စောင့်ရှောက်ရေးအလုပ်တွင်သာ နစ်မြုပ်မနေဘဲ နည်းလမ်းရှာသင့်ကြောင်း ၎င်းက ပြောဆိုသည်။ ကလေးငယ်ရှိသည့် မိခင်များသည် ကလေးများအား ပြုစုတိုက်ကျွေးရေးကို အဓိကအာရုံစိုက်နေကြသည်။

## အင်တာနက်၊ သတင်းနှင့် ဓာတ်ပုံ

## တရုတ်၌ မော်စကို သီတင်းရက်သတ္တပတ်ကျင်းပ

တရုတ်နှင့် ရုရှားနှစ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှု အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် မော်စကို သီတင်းရက်သတ္တပတ်ကို ဇွန် ၁၈ ရက်က ကျင်းပသည်။

အဆိုပါ မော်စကို သီတင်းရက်သတ္တပတ်ပြပွဲ၌ တရုတ်-ရုရှား စီးပွားရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးပွဲများ၊ ခေတ်သစ်မော်စကိုမြို့၏ ပြယုဂ်များကိုခင်းကျင်းပြသမည့်ပြပွဲ၊ ပေကျင်းနှင့် မော်စကိုမြို့များအကြားသမိုင်းဝင်ဆက်ဆံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်ရပ်များကိုလည်း စာအုပ်စာတမ်းများဖြင့် ခင်းကျင်းပြသထားသည်။

ပေကျင်းနှင့် မော်စကိုမြို့တော်များသည် ၁၉၉၅ ခုနှစ်မှ စတင်ကာ အရှိန်အဟုန်မြင့် ဆက်ဆံရေးများ ပြုလုပ်ခဲ့ရာ မော်စကိုမြို့တော်ဝန် ယူရီလူဇ်ကော့ဗ်က အဖွဲ့ဝင် ၂၄၉ ဦးပါရှိသော ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်ကာ တရုတ်နိုင်ငံ ပေကျင်းမြို့သို့လာရောက်လည်ပတ်ခဲ့သည့် မှတ်တမ်းများလည်း ပြသမည်ဖြစ်သည်။

ထို့အတူ မော်စကိုမြို့၌လည်း ပေကျင်းသီတင်းရက်သတ္တပတ်ကို လာမည့်နှစ်၌ ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

## ဖိလစ်ပိုင် ဘူလူဆန်မီးတောင် ပေါက်ကွဲပြီး ပြာပူများမှုတ်ထုတ်

**ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ဆောဆိုဂွန်ပြည်နယ်ရှိ ဘူလူဆန်မီးတောင်သည် ဇွန် ၁၈ ရက်က မတည်မငြိမ် လှုပ်ရှားသွားလာလျက်ရှိပြီး ကောင်းကင်သို့ ပြာများ မှုတ်ထုတ်လျက်ရှိကြောင်း သိရသည်။**

**ထိုသို့ ဘူလူဆန်မီးတောင် လှုပ်ရှားလာသဖြင့် အနီးဝန်းကျင်တွင် နေထိုင်သော ဒေသခံများအား အာဏာပိုင်များက အလျင်အမြန်ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးလျက်ရှိသည်။**

**မီးတောင်မှ မှုတ်ထုတ်သော ပြာများမှာ ကောင်းကင်အမြင့် နှစ်ကီလိုမီတာအမြင့်အထိ ရောက်ရှိကြောင်း၊ အနက်ရောင်မီးခိုးများနှင့် ပြာများကို အင်အားကောင်းကောင်းဖြင့် မှုတ်ထုတ်ခဲ့မှုကြောင့် ကောင်းကင်တွင် မီးခိုးများ၊ ပြာများဖြင့် ဖုံးလွှမ်းနေကြောင်း ဒေသခံများက ပြောကြားသည်။**

**ဘူလူဆန်မီးတောင်သည် ယခုနှစ် မတ်လမှ စတင်ကာ ရှစ်ကြိမ်ခန့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ယခုပေါက်ကွဲမှုမှာ ဇွန် ၁၈ ရက် ညနေ ၃ နာရီ ၅၃ မိနစ်ခန့်က စတင်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းထုတ်ပြန်ချက် တစ်ရပ်၌ ဖော်ပြသည်။** (အင်တာနက်)

အသက် ၆၂ နှစ်ရှိ အမျိုးသမီးများ ကိုယ်ဝန်ဆောင်လိုခြင်းကို အပြစ်မြင်၍ ဝေဖန်ပြောကြားခြင်း မပြုမီတွင် ယနေ့ခေတ်သည် အသက် ၂၀ သို့မဟုတ် ၃၀ ရွယ် အမျိုးသမီးများသာ ရင်သွေးငယ်များကို ပြုစုစောင့်ရှောက်နေရသည့် ကာလမဟုတ်တော့ကြောင်း သတိမူသင့်သည်။ စက်မှုထွန်းကားသည့် နိုင်ငံများတွင် ယနေ့ အသက် ၆၀ အရွယ်ရှိ အမျိုးသမီးများ၏ သက်တမ်းမှာ ၈၀ သို့မဟုတ် ၉၀ ရှိသည်။ ထို့ကြောင့် ကလေးမွေးဖွားပြီးနောက် မသေဆုံးမီနေထိုင်သွားသည့် ကာလအပိုင်းအခြားမှာ ယခင်နှင့်ယခု အတူတူပင်ဖြစ်သည်။

ထို့ကြောင့် အသက် ၃၀ ကျော်နှင့် ၄၀ ကျော်အရွယ် အမျိုးသမီးများ မိခင်ဖြစ်ရေးအားပေးရန် လိုအပ်ကြောင်း၊ မမျိုးဥလှူဒါန်းမှုများရှိပြီး မှန်ကန်စွာ ဆေးဝါးအကူအညီတို့ဖြင့် သွေးစစ်ပြီး အမျိုးသမီးများလည်း ကိုယ်ဝန်ဆောင်နိုင်ကြောင်း အားပေးတိုက်တွန်းထားသည်။ **(အင်တာနက်)**



## အငြိမ်မနေတတ်သည့်ကလေးများ ဣန္ဒြေရရဖြစ်စေရန် ထင်းရှူးခေါက်ဆီက အထောက်အကူဖြစ်

ပြင်သစ်နိုင်ငံ အနောက်တောင်ဘက် ပင်လယ်ပိုင်းဒေသ၌ ပေါက်ရောက်သော ထင်းရှူးပင်ခေါက်မှ ထုတ်ယူသည့် ထင်းရှူးဆီက မျောက်ရှုံးအောင် အငြိမ်မနေတတ်သည့် ကလေးများကို ဣန္ဒြေရရဖြစ်သွားစေကြောင်း လေ့လာတွေ့ရှိချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဘရာတစ်လာဗာမြို့ရှိ ကလေးဆေးရုံတွင် ပျမ်းမျှအသက် ကိုးနှစ်ခွဲရှိ ကလေး ၆၁ ဦးကို စမ်းသပ်ကြည့်ရာ အထက်ပါအတိုင်း တွေ့ရှိရခြင်းဖြစ်ကြောင်း ဥရောပကလေးများနှင့် ဆယ်ကျော်သက်များ စိတ်ရောဂါကုသမှုဂျာနယ်တွင် ဖော်ပြထားသည်။

ကလေး ၄၁ ဦးကို ပြင်သစ် အနောက်တောင်ပိုင်းရှိ ထင်းရှူးပင်ခေါက်မှအဆီကို “ပိုင်နိုဂျီနော” ကလေးအာဟာရဆေးအဖြစ် စီမံထားသည့်ဆေးကို တစ်နေ့တစ်ကြိမ် တစ်လတိုက်ကျွေးသည်။ အလားတူပင် ကလေး ၂၀ ကို အာနိသင်မရှိသော သဏ္ဌာန်တူဆေး တစ်လကြာ တစ်နေ့တစ်ကြိမ်တိုက်သည်။

ပိုင်နိုဂျီနော အာဟာရဆေး တိုက်ကျွေးသည့် ကလေး ၄၁ ဦးတို့မှာ မျောက်ရှုံးအောင်ဆော့ကစား အငြိမ်မနေမှု သိသိသာသာ လျော့နည်းသွားကြောင်း တွေ့ရသည် ဆို၏။

ပိုင်နိုဂျီနောဆေးကို ဆွစ်ဇာလန်ကုမ္ပဏီဖြစ်သည့် ဟော်ဖတ်ကုမ္ပဏီက ထုတ်လုပ်သည်။

သို့သော် ထိုဆေးမှာ ဘေးထွက်ဆိုးကျိုးမရှိကြောင်းလည်း တွေ့ရသည် ဆို၏။

သို့သော်ငြားလည်း မျောက်ရှုံးအောင် အငြိမ်မနေမှုအတွက် ဆေးဝါးများ၊ အထူးသဖြင့်“ရီတာလင်”ဆေးမှာ စိတ်ဓာတ်ကျခြင်းနှင့် ကသိကအောက်ဖြစ်ခြင်းကဲ့သို့သော ဘေးထွက်ဆိုးကျိုးများ တွေ့ရသည်ဟု ဆိုသည်။ **(အင်တာနက်)**

## ရွှေပြည်သာ သာသနဒီပံတရားစခန်းဖွင့်မည်

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်မြို့ ရွှေပြည်သာ ၆/၁၀ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ ဇူလိုင်၁၅ရက်မှ ၂၂ရက်အထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို အခြေခံမှုစ၍ အရှင်သိရိန္ဒ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများ ရိပ်သာဖုန်း-၇၀၇၄၉၇ သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## တိုင်းပြည်အတွက်ရေရှည်အကျိုးရှိမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်သည့် ဝန်ထမ်းများဖြစ်အောင်ကြိုးပမ်း





**အမှာစကားပြောကြား**

**လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ရန်ကုန် ဇွန် ၁၉

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းရှိ ပြည်သူ့အင်အားဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။**

### တက်ရောက်

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်နှင့်တိုင်း ဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက တာဝန်ရှိသူများက မိမိတို့အား ပေးအပ်ထားသည့် တာဝန်များကို ကျေပွန်ရုံသာ ထမ်းဆောင်ခြင်းမျိုးမဟုတ်ဘဲ မိမိတတ်ကျွမ်းထားသည့် လုပ်ငန်းအတွေ့အကြုံများနှင့် ဆက်စပ်ပြီး တိုင်းပြည်အတွက် ရေရှည်အကျိုးရှိမည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်သည့် ဝန်ထမ်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် အကျယ်တဝင့် ရှင်းလင်း မှာကြားသည်။

### ဖြည့်စွက်မှာကြား

ထို့နောက် ပြည်နယ်နှင့်တိုင်း ဦးစီးမှူးများက မိမိတို့၏ ပြည်နယ်နှင့်တိုင်းအလိုက် အခြေအနေများ၊ ဆောင်ရွက်ချက်များကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ဦးသီလ၏ခန္ဓာဝန်ချနှစ်(၁၀၀)ပြည့်အထိမ်းအမှတ် မော်ကွန်းတင်စာစောင်ထုတ်ဝေပူဇော်မည်

ရန်ကုန် ဇွန် ၁၉

**သာသနာ့သမိုင်း တစ်ခေတ်ဟု ထင်ရှားကျော်ကြားခဲ့သော တောရဘုန်းတော်ကြီးဦးသီလ ရောဝတီတိုင်း ဇလွန်မြို့တွင် ခန္ဓာဝန်ချနှစ်ပေါင်း (၁၀၀)ပြည့် (ခန္ဓာဝန်ချရာပြည့်) အထိမ်းအမှတ်အဖြစ် မော်ကွန်းတင်စာစောင် ထုတ်ဝေပူဇော်မည်ဖြစ်ရာ တောရဘုန်းတော်ကြီး ဦးသီလ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ပူဇော်သောအားဖြင့် အာဂမယုတ္တိ၊ သဘာဝယုတ္တိတို့နှင့်ပြည့်စုံသော သမိုင်းဖြစ်ရပ်မှန် ဂါထာပါဠိအနက် တေးထပ်၊ ရတု၊ ကဗျာ၊ ဆောင်းပါးစာမူများကို ရေးသားချီးမြှင့်ပေးပို့ကြရန် ရာပြည့်အထိမ်းအမှတ် မော်ကွန်းတင် စာစောင် ဖြစ်မြောက်ရေးကော်မတီက တောင်းခံထားကြောင်းသိရသည်။**

စာမူများရေးသားပေးပို့ရာတွင် ထေရဝါဒနှင့်ညီညွတ်ပြီး နိုင်ငံတော်အစိုးရက ချမှတ်ထားသော စာမူအင်္ဂါရပ်များနှင့် ညီညွတ်စေရမည်။ သာသနာနှင့်ပတ်သက်သော အာဂမယုတ္တိ၊ သဘာဝယုတ္တိနှင့် ပြည့်စုံစေပြီး လက်ရေးမူဖြင့် လျှောက်လွှာငါးမျက်နှာမှ ရှစ်မျက်နှာခန့်ကိုလည်းကောင်း၊ လက်နှိပ်စက်(သို့) ကွန်ပျူတာစာမူများဖြစ်ပါက လေးမျက်နှာမှ ခြောက်မျက်နှာခန့် ပါရှိရမည်ဖြစ်သည်။

ထို့အပြင် ပါဠိ-မြန်မာနှစ်ဘာသာဖြင့်သော်လည်းကောင်း၊ နှစ်သက်ရာ ဘာသာတစ်မျိုးဖြင့်သော်လည်းကောင်း ရေးသားပေးပို့နိုင်သည်။ စာမူများကို စာရေးဟန်၊ စကားပြောဟန် နှစ်မျိုးလုံး ရေးသားနိုင်ပြီး ကိုယ်ပိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ် ပါရှိရမည်ဖြစ်သည်။

ရွေးချယ်ထားသောစာမူများကို စာပေစိစစ်ရေးအဖွဲ့၏ ဖြုတ်ခြင်း၊ ပြင်ဆင်ခြင်းများကို လက်ခံသဘောတူညီမှုရှိရမည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသောစာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ချေ။

**စာမူများကို ဦးစန္ဒသီရိ ပုပ္ပာရုံကျောင်း ပြည်တော်ပြန်ဘုရားကြီး တောင်ဘက်မုခ် ဇလွန်မြို့၊ ဦးကောလိယ မြို့မဓမ္မာရုံ ပရိယတ္တိစာသင်တိုက် ဇလွန်မြို့ ဖုန်း-၀၄၄-၂၂၂၃၇၊ ဦးတေဇာနန္ဒ သီရိမင်္ဂလာကျောင်း သာခု ပရိယတ္တိစာသင်တိုက် နတ်စင်လမ်း ကြည့်မြင်တိုင် ရန်ကုန်မြို့ ဖုန်း-၀၁-၅၁၀၅၆၆၊ ဦးသီလ ဓာတ်တော် စေတီအကျိုးတော်ဆောင်အဖွဲ့ ဇလွန်မြို့နှင့် ဦးနရိန္ဒ(ဓေယျာနရိန်၊မြောင်းမြ) အဆောင်မှူး စစ်ကိုင်းဆောင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ရန်ကုန်မြို့ ဖုန်း-၆၆၁၄၁၆ လိုင်းခွဲ(၁၉)တို့သို့ ၆-၁၀-၂၀၀၆ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။** (က-ပ)

## ကျန်းမာရေး ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး မကွေးတိုင်းအတွင်း ကျန်းမာရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇွန် ၁၉

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၇ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့မှ မကွေးမြို့သို့ ထွက်ခွာလာရာ လမ်းခရီးတွင် ပြည်မြို့ ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် အထူးကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ အလုပ်သင်ဆရာဝန်များနှင့် သူနာပြုများအား ကုသရေးလုပ်ငန်းများ၊ လူနာပြုစုခြင်းလုပ်ငန်းများ၊ ဆေးပညာသင်ကြားရေးလုပ်ငန်းများကို ညှိနှိုင်းမှာကြားသည်။ ထိုမှတစ်ဆင့် ပြည်မြို့ သူနာပြုသင်တန်းကျောင်းသို့ ဝင်ရောက်ပြီး သူနာပြုသင်တန်းများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ကြည့်ရှုစစ်ဆေး ပံ့ပိုးကူညီပေးသည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေး ဆေးတက္ကသိုလ်နှင့် မကွေးမြို့ အခြေခံကျန်းမာရေး တက္ကသိုလ်များသို့ သွားရောက်ပြီး ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ သင်ကြားရေးကိစ္စရပ်များအပေါ် စေတနာထား ဆောင်ရွက်ကြရန်နှင့် မိမိတို့၏တာဝန် ဝတ္တရားများ ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဇွန်၁၈ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့ရှိ သင်ကြားဆေးရုံကြီးသို့ ရောက်ရှိပြီး စာသင်ဆောင်နှင့် စာသင်ခန်းမများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မကွေးမြို့ ခုတင် (၂၀၀)ဆံ့ တိုင်းဆေးရုံကြီးသို့ သွားရောက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဆေးရုံဝင်းအတွင်းရှိ သူနာပြုသင်တန်းကျောင်းကို သွားရောက် စစ်ဆေးသည်။ ဆက်လက်၍ (၁၆)ခုတင်ဆံ့ မကွေးမြို့ တိုင်းရင်းဆေးရုံသို့ သွားရောက်၍ လူနာများကို နှုတ်ဆက်အားပေးကာ ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မကွေးမြို့မှ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ပြည်မြို့သို့ ရောက်ရှိပြီး ပြည်မြို့ တိုင်းရင်းဆေးရုံ၏ လူနာကုသမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများကို နှုတ်ဆက်အားပေးစကား ပြောကြားသည်။ **(သတင်းစဉ်)**

## တောင်ကုတ်မြို့နယ်အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဇွန် ၁၉**

တောင်ကုတ်မြို့နယ် အသင်း (ရန်ကုန်)၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲတို့ကို ဇူလိုင်၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ မင်္ဂလာရာမ ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ မပျက်မကွက်ကြွရောက်ကြရန်နှင့် အသင်းဝင်များ၏ အသက် ၈၀ အထက် မိဘများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သားသမီးများ၏အမည်စာရင်းများကို ဇူလိုင်၆ရက် နောက်ဆုံးထား၍ ဦးညီလှိုင် ဖုန်း-၀၉-၅၁၂၉၈၂၈၊ ဦးမြင့်အောင် ဖုန်း-၇၂၃၈၄၉ နှင့် ဦးသန်းထွန်း ဖုန်း-၆၆၇၂၈၅ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား ကျောင်းသူဟောင်းများ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေများပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၉**

၁၉၈၁-၈၆ ဆေးတက္ကသိုလ် (မန္တလေး) ကျောင်းသား ကျောင်းသူဟောင်းများ၏ပထမအကြိမ် အာစရိယပူဇော်ပွဲအထိမ်းအမှတ်အဖြစ် ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်းသို့ အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၀ရက် နံနက် ၁၀နာရီက ပုသိမ်ကြီးမြို့နယ်ရှိ ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အလှူငွေပေးအပ်လှူဒါန်းပွဲတွင် ၁၉၈၁-၈၆ ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား ကျောင်းသူဟောင်းများကိုယ်စား ဒေါက်တာဒေါ်မိမိထွေး(အေးသီရိ အထူးကုဆေးခန်း) **(ယာပုံ)**က ဦးလှထွန်း ကင်ဆာဖောင်ဒေးရှင်း၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဒေါ်ခင်အေးမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး လှူဒါန်းမှုအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက် ကျောင်းသား ကျောင်းသူဟောင်းများသည် ဆေးရုံအတွင်းရှိ လူနာများအား လှည့်လည်ကြည့်ရှု အားပေးကြသည်။

၁၉၈၁-၈၆ ဆေးတက္ကသိုလ်(မန္တလေး)ကျောင်းသား ကျောင်းသူဟောင်းများသည် ပထမအကြိမ် အာစရိယပူဇော်ပွဲ အထိမ်းအမှတ်အဖြစ် အေးရိပ်မွန်မိဘမဲ့ အမျိုးသမီးကျောင်းအတွက် ငွေကျပ်တစ်သိန်း၊ ကလေးဆေးရုံ(ကင်ဆာ)ဌာနအတွက် ငွေကျပ်ငါးသောင်း လှူဒါန်းခဲ့ကြကြောင်းနှင့် ဧပြီ ၃၀ရက်တွင်လည်း ဆေးတက္ကသိုလ် (မန္တလေး)စာကြည့်တိုက်သို့ ငွေကျပ်တစ်သိန်းနှင့် ရေသန့်စက်အတွက် ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**



20-6 (07).p65 1 1/22/32, 1:47 PM

● ကျောဖုံးမှ

ယင်းနောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကြည်ဟန်က ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့်တာဝန်ရှိသူများက စစ်တွေတပ်နယ်အတွင်းရှိတပ်ရင်း၊တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ခြစ်ညည်းရိုးကြက်ဆူပျိုးပင်များကိုအသီးသီး ပေးအပ်ကြသည်။

## ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်နှင့်ဇနီး၊ စစ်တွေ တပ်နယ်မှ ဗိုလ်မှူးချုပ်သန်းထွန်းအောင်တို့က ခြစ်ညည်းရိုးကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ခြစ်ညည်းရိုးကြက်ဆူပင်များ တပျော်တပါးစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

အဆိုပါအခမ်းအနားတွင် ခြစ်ညည်းရိုးကြက်ဆူပင် ၁၀ ဧက၌ အပင်ပေါင်း ၁၂၀၀၀ စိုက်ပျိုးကြပြီး စစ်တွေတပ်နယ်၌ ၂၀၀၆-၂၀၀၇ အတွင်း ခြစ်ညည်းရိုးကြက်ဆူပင် စုစုပေါင်းဧက ၉၀၀ ၌ အပင်ပေါင်း ၁၀၈၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်-စစ်တွေမော်တော်ကားလမ်းအတိုင်းထွက်ခွာလာကြပြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတံတားတည်ဆောက်ရေးစီမံကိန်းအထူးအဖွဲ့(၁၀)က မင်းကံချောင်းကိုဖြတ်သန်းတည်ဆောက်နေသည့် ကျောက်တန်းတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်က စီမံကိန်းဆိုင်ရာလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

## စံချိန်စံညွှန်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စီမံကိန်းသတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် ကြံ့ခိုင်မှုရှိစေရေး၊ သတ်မှတ် စံချိန် စံညွှန်းနှင့်အညီ တည်ဆောက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး စီမံကိန်း လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကျောက်တန်းတံတားမှာ အလျား ၄၅၂ပေ၊ အကျယ် ၃၂ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် လေးပေစီရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဖြစ်ပြီး ခွင့်ပြုယာဉ် အလေးချိန်တန် ၆၀ရှိသည်။

ယခင်မူလကျောက်တန်းတံတားမှာ ကြိုးတံတား အမျိုးအစားဖြစ်၍ ကာလကြာမြင့်ပြီး ကြံ့ခိုင်မှုလျော့နည်းလာသဖြင့်ယခုတံတားအသစ်ကိုအစားထိုး တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

## ဖြတ်သန်းကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်-စစ်တွေ လမ်းမပေါ်ရှိ မင်းချောင်းတံတား၏ ကြံ့ခိုင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ လမ်းနှင့် တံတားများ၏ ကြံ့ခိုင်မှုအခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တော်တပ်နယ် နဝရတ်ခန်းမ၌ အရာရှိ၊စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို မှာကြားကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည်ကျောက်တော်တပ်နယ်ရှိ ရော်ဘာပျိုးဥယျာဉ် အတွင်း BPM-24 မျိုး ၄၄၈၀၀ ပင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ရော်ဘာကို တိုးချဲ့စိုက်ပျိုးရေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ဖြန့်ဝေပေး

ကျောက်တော် တပ်နယ်အတွင်း ရော်ဘာဧက ၁၅၀၀ စိုက်ပျိုးရန်လျာထားသည့်အနက် ဧက ၅၀၀ စိုက်ပျိုးပြီးစီးလျက်ရှိပြီး ယခုနှစ်အတွင်း ကျန်ဧက ၁၀၀၀ ကို ရာသီအမီ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကာ ပိုလျှံသည့် ရော်ဘာမျိုးများကို ဒေသခံများအား ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကျောက်တော်မြို့ အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများအားတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျောက်တော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးထူးကျော်က မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်အေးက ပြိုင်းချောင်းရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းမှာကြား

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ယခုနှစ်အတွင်း နွေစပါးဧက ၁၀၀၀ နှင့်လာမည့်နှစ်တွင်ဧက၄၀၀၀ စိုက်ပျိုးရေပေးဝေနိုင်ရေးအတွက် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ပြိုင်းချောင်းရေလှောင်တမံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၃)က တာဝန်ယူ တည်ဆောက်လျက်ရှိပြီး တမံမှာ မြေသားတမံ အမျိုးအစားဖြစ်သည်။ တမံအလျားမှာ ပေ ၈၀၀၊ပင်မတမံအမြင့်မှာ ၁၁၆ပေ ရှိသည်။ စီမံကိန်းပြီးစီးပါက ဧက၅၀၀၀ကို ဆည်ရေပေးဝေနိုင်ပြီး လျှပ်စစ်ဓာတ်အားပါ ထုတ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက်ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်က လုပ်ငန်း လိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

## တိုးချဲ့ဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်က နိုင်ငံ အဝန်းအကြားအလပ်မရှိ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် အဓိက ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့နိုင်သမျှ တိုးချဲ့ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ အထူးသဖြင့် အဓိက သီးနှံ၁၀မျိုး၊ နှစ်ရှည်သီးနှံသုံးမျိုးအနက် ရော်ဘာကိုလည်းကောင်း၊ အမယ်သစ်သီးနှံ သုံးမျိုးအနက် ဂရုတ်ကောင်းကိုလည်းကောင်း၊ ဇီဝဒီဇယ်လောင်စာဆီ ထုတ်ယူနိုင်သည့် ခြစ်ညည်းရိုး ကြက်ဆူကိုလည်းကောင်း သတ်မှတ်ချက်ထက်ကျော်လွန်အောင် စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန် တာဝန်ရှိသူအဆင့်ဆင့်က အောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရန်လိုကြောင်း ဖြင့်ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့၌ ညအိပ် ရပ်နားကြသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကြီးမှူး မြောက်ဥက္ကလာပဆေးရုံကြီး၌ စုပေါင်းသန့်ရှင်း သွေးလှူဒါန်းပွဲနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၉

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် ဇွန် ၁၇ရက် နံနက်ပိုင်းတွင် ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ကြီးမှူး၍ မြောက်ဥက္ကလာပ မြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲ၊ ခြစ်ညည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ၊ သွေးလှူဒါန်းပွဲနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားတို့သို့ တက်ရောက်အားပေးကြသည်။**

## လိုက်လံပြသ

ရှေးဦးစွာ တိုင်းမှူးနှင့် ရန်ကုန်မြို့တော်ဝန်တို့သည် မြောက်ဥက္ကလာပ မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ မြသောင်းက အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆေးရုံဝန်ထမ်းများ စုပေါင်း၍ ဆေးရုံကြီးဝင်းအတွင်း၌ လုပ်ကွက်ခြောက်ကွက်ခွဲကာ ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ အမှိုက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်လှဲခြင်း၊ သယ်ယူစွန့်ပစ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို မြေပုံဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ကွက်များ ဆောင်ရွက်နေမှုကို လိုက်လံပြသသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာဖွဲ့နာယကဒေါ်မာမာဝေ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက ဆေးရုံကြီးဥပစာ၌ ခြစ်ညည်းရိုး ကြက်ဆူပင်များကို အမှတ်တရ စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများက ခြစ်ညည်းရိုးကြက်ဆူပင် ၂၃၀ကို တပျော်တပါး စုပေါင်း စိုက်ပျိုးပေးကြသည်။

## အားပေးစကားပြောကြား

ဆက်လက်၍ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများသည် မြောက်ဥက္ကလာပ အထွေထွေ ရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ စုပေါင်း၍သွေး အလှူရှင် ၁၅၀တို့၏ သွေးလှူဒါန်းနေမှု အခြေအနေကို ကြည့်ရှုအားပေးစကား ပြောကြားကြသည်။

ယင်းနောက် မြောက်ဥက္ကလာပ မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီး ခန်းမ၌ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာ ဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ၂၀၀၆ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် မြောက်ဥက္ကလာပ မြို့နယ် အထွေထွေရောဂါကု ဆေးရုံကြီး၌ စုပေါင်းကာ အထူးသန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ခြစ်ညည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးခြင်း၊ သွေးလှူဒါန်းခြင်းနှင့်ဆေးပဒေသာပင်စိုက်ထူလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ခဲ့မှုနှင့် သိသင့်သည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လှူဒါန်းငွေကျပ် နှစ်သိန်းကို တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှူဒါန်း ငွေကျပ် နှစ်သိန်းကို အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လှူဒါန်းငွေ ကျပ်နှစ်သိန်းကို နာယက ဒေါ်မာမာဝေ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အလှူငွေကျပ် ၁၂သိန်း၊ Junction (8) မိသားစုက အလှူငွေကျပ် ရှစ်သိန်း၊ ဦးရန်နိုင်မိသားစုက အလှူငွေကျပ် ငါးသိန်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါး စန္ဒီပရဆေးမိသားစုက ငွေကျပ် သုံးသိန်းသုံးထောင်၊ ဂရိတ်ဝေါလ် ဦးမောင်မောင် မိသားစုက ငွေကျပ် နှစ်သိန်း၊ ဦးတင်ဦး (Cammel မိသားစု)က ငွေကျပ် နှစ်သိန်း၊ NWS မိသားစုက ငွေကျပ် သုံးသိန်း၊ ရွှေပေါက်ကံ စက်မှုဇုန်က ငွေကျပ် နှစ်သိန်း အပါအဝင် အလှူရှင် ၃၈ဦးတို့က အလှူငွေကျပ် ၅၉၆၃၀၀၀ ကို ပေးအပ် လှူဒါန်းကြရာ ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွန့်၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ လှမြင့်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ မြသောင်းတို့က လက်ခံကြသည်။

## ကျေးဇူးတင်စကား

ထို့နောက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲ၊ ခြစ်ညည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ၊ သွေးလှူဒါန်းပွဲနှင့် ဆေးပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အထိမ်းအမှတ်အလံငယ်များကို ကျန်းမာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ရန်ကုန် တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့သို့ ပေးအပ်ကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**မြောက်ဥက္ကလာပမြို့နယ်အထွေထွေရောဂါကုဆေးရုံကြီးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က လှူဒါန်းငွေကျပ် နှစ်သိန်းကို မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ က ကျန်းမာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ညွန့်ထံ ပေးအပ်လှူဒါန်းစဉ်။**

(မြို့တော် စည်ပင်)

# ရေဘေးသင့်သူများအတွက် ငွေနှင့်အဝတ်အထည်များ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)မှ လှူဒါန်း

**ရန်ကုန် ဇွန် ၁၉**

ကြံခင်းမြို့၌ဧပြီ၃၀ရက်ကဖြစ်ပွားခဲ့သော ရေဘေးသင့် ပြည်သူများအတွက် ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)က လှူဒါန်းသော အလှူငွေနှင့် အဝတ်အထည်များ လှူဒါန်းသည့် အခမ်းအနားကို ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရောဦးခန်းမ၌ ဇွန် ၈ရက် နံနက် ၁၀နာရီက ကျင်းပသည်။

ရှေးဦးစွာ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဥက္ကဋ္ဌ ဦးစန်းလွင်က အလှူငွေကျပ် ၁၆၈၀၀၀၀ ပေးအပ်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးပုက လက်ခံရယူပြီး ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ တွဲဖက်အတွင်းရေးမှူး ဦးစိန်ဌေးမောင်က အဝတ် အထည်များ ပေးအပ်လှူဒါန်းရာ ကြံခင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ မြို့နယ်အတွင်းရေးမှူး ဦးဇော်ဝင်းက လက်ခံယူသည်။ **(အောက်ပုံ)** အခမ်းအနားသို့ ကြံခင်းမြို့နယ်ရှိ ဌာနဆိုင်ရာ လူကြီးများ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် ကြံခင်းမြို့နယ်အသင်း (ရန်ကုန်)မှ အလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

**(မြန်မာ့အလင်း)**





# မန္တလေးတိုင်းမှ ဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးများထပ်ဆင့်ဂုဏ်ပြုပူဇော် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် သာသနာရေးဆိုင်ရာများလှူဒါန်း

ရန်ကုန် ဇွန် ၁၉

**၂၀၀၆ခုနှစ် မန္တလေးတိုင်းအတွင်းမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရရှိသည့် ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ သာသနာရေးဆိုင်ရာများလှူဒါန်းသည်။**

### ကြွရောက်တော်မူ

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒစရိယ ရွှေကျင်သာသနာပိုင် ဝါဆိုဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တအဂ္ဂိယ အမှူးပြုသော ပင့်သံဃာ ငါးပါး၊ ဘွဲ့ခံဆရာတော်ကြီး ၄၇ ပါး၊ ဘွဲ့ခံသီလရှင် ဆရာကြီးသုံးပါးတို့ ကြွရောက်တော်မူကြသည်။

ရှေးဦးစွာ အခမ်းအနားမစတင်မီ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဥပတ္ထမ္ဘက အဖွဲ့ဒုတိယဥက္ကဋ္ဌ (သီဟသုဓမ္မမဏိဇောတရေ) ဦးချစ်ထွန်းက သာသနာ့အလံတော်ကို ကိုင်ဆောင်၍ ဦးဆောင်ပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၄၇ ပါးတို့အား စုရပ်မဏ္ဍပ်မှ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းသို့ အခမ်းအနားဖြင့် ပင့်ဆောင်သည်။

### ကိုးပါးသီလခံယူ

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက အခမ်းအနားကို "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်အပေါင်းတို့က နိုင်ငံတော်ဩဝါဒစရိယ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တအဂ္ဂိယ ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော် ဩဝါဒစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရမည်းသင်းမြို့နယ် ဆင်ကျုံးတောရ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောသလ္လမဟာထေရ်ထံမှ သာရဏီယဩဝါဒကထာနာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များကို ဆက်လက်နာယူကြည်ညိုကြသည်။

### ဂုဏ်ပြုဖတ်ကြားပူဇော်

ထို့နောက်အစီအစဉ်အရ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က သာသနာရေးဆိုင်ရာများ လှူဒါန်းပြီး အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ဂုဏဝိသိဋ္ဌမင်္ဂလာဧကပိုဒ်ရတုကို ဂုဏ်ပြု ဖတ်ကြားပူဇော်ကြသည်။

### ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ကုသိုလ်ရှင်များကိုယ်စား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်ရရှိသည့် သီလရှင်ဆရာကြီးများအား တိုင်းမှူး၏ဇနီး၊ မြို့တော်ဝန်၏ဇနီးနှင့် ဒုတိယတိုင်းမှူး၏ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ဂုဏ်ပြုမှတ်တမ်းလွှာကို သီရိသုဓမ္မမဏိဇောတရေ ဘွဲ့တံဆိပ်ရရှိသည့် အမျိုးသားတစ်ဦးအား တိုင်းမှူးကလည်းကောင်း၊ သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်ရရှိသည့် အမျိုးသမီးသုံးဦးအား တိုင်းမှူး၏ဇနီးကလည်းကောင်း တစ်ဦးချင်းအသီးသီးပေးအပ်ချီးမြှင့်သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများက မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသာသနာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသန စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

### ဆက်ကပ်လောင်းလှူ

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီး အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က သက်ဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူမည့်နေရာအသီးသီးတွင် နေရာယူကြပြီး ပင့်သံဃာတော်များ၊ ဘွဲ့ခံဆရာတော်ကြီးများနှင့် ဘွဲ့ခံသီလရှင်ဆရာကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူ **(အပေါ်ဝဲပုံ)**ကြသည်။

### လောင်းလှူခဲ့

ဇွန် ၁၀ ရက်က ကျင်းပသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲအခမ်းအနားတွင် အထက်မြန်မာပြည်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ အလှူရှင်များနှင့် ဘာသာရေးအသင်းအဖွဲ့များမှ ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၇၃၀၄၄၀၆ လောင်းလှူခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# ပုံနှိပ်အတတ်ပညာသင်တန်းဆင်း

**ရန်ကုန် ဇွန် ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အင်းစိန်မြို့ရှိ G.T.C ပုံနှိပ်စက်ရုံ သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အကြံပေးပုဂ္ဂိုလ်များ၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ သင်တန်းကြီးကြပ်မှုကော်မတီဝင်များနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိသူ သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါ ပုံနှိပ်အတတ်ပညာသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၄၁ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရသေ့တောင်မြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

**ရန်ကုန် ဇွန် ၁၉**

ရသေ့တောင်မြို့နယ်မှ ရန်ကုန်မြို့တွင် ကျောင်းထိုင်လျက်ရှိကြသော ဆရာတော် ၁၇ ပါးအား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇွန် ၂၅ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တာမွေမြို့နယ် အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ မြို့နယ်အသင်း နာယကများ၊ ကော်မတီဝင်များ၊ အသင်းသူအသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများအား တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။အလှူပွဲတွင်ပါဝင်လှူဒါန်းလိုသူများ ဦးစံလှမောင် ဖုန်း-၅၄၁၅၃၅၊၃၈၂၇၆၃ တို့သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



**ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ပုံနှိပ်အတတ်ပညာသင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဆင်းပွဲတွင် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း ဆုရရှိသည့် သင်တန်းသားတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။**
(သတင်းစဉ်)

# လှိုင်သာယာမြို့နယ် အလယ်ကျေးရွာတွင်လေပြင်းတိုက်ခတ်

**ရန်ကုန် ဇွန် ၁၉**

ဇွန် ၁၈ ရက် ညနေ ၄ နာရီခွဲမှစတင်၍ နှစ်မိနစ်ခန့် လေပြင်းတိုက်ခတ်မှုကြောင့် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အလယ်ကျေးရွာရှိ အောင်ဇေယျာမင်း ပရဟိတစာသင်တိုက် နတ်လမ်းမှ သွပ်ပြား ၁၄ ချပ် ပွင့်ထွက်ပြီး အမှတ်(၁) အခြေခံပညာမူလတန်းကျောင်းထရံ ပေ ၂၀ ခန့် ပွင့်ထွက်သွားသည်။

အလားတူ ကျေးရွာအတွင်းရှိ ဓနိမိုးထရံကာနေအိမ် တဲ ၃၁ လုံး ပြိုကျပျက်စီးသွားသဖြင့် လူဦးရေ ၁၃၅ ဦး အိုးမဲ့အိမ်မဲ့ဖြစ်သွားပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၀ သိန်းခန့်ရှိကြောင်း သိရသည်။

လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများသည် လေပြင်းဒဏ်ခံရသည့် အလယ်ကျေးရွာသို့ သွားရောက်ကြည့်ရှုအားပေးပြီး လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ထောက်ပံ့ပစ္စည်းများ ကူညီပေးနိုင်ရန်နှင့် လိုအပ်သည်များ ကူညီထောက်ပံ့နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်းတွင် ပြွန်တန်ဆာမြို့ မြို့မ(၂) မင်းလမ်း အမှတ် ၇၀၁ နေ နှစ်ဖက်သောမိဘများနှင့် ဦးကျော်တင့်အား ရည်စူး၍ ဒေါ်လှကျင်နှင့် သမီး မနန်းစိုးထွေး မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

# ဆွစ်ဇာလန်က တိုဂိုအသင်းကို နှစ်ဂိုးပြတ်အနိုင်ရ

**ရန်ကုန် ဇွန် ၁၉**

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(ဆ) ဒုတိယပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီခွဲက ဒေါ့မွန်မြို့ရှိ Signal Iduna Park အားကစားကွင်း၌ တိုဂိုအသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဆွစ်ဇာလန် အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

### ခြေကုန်ထုတ်

ဆွစ်ဇာလန်အသင်းက ပွဲဦးထွက်တစ်မှတ်ရရှိထားရာ ယခုပွဲ အနိုင်ရရှိရေးအတွက် ခြေကုန်ထုတ်ကစားခဲ့သည်။ ဆွစ်ဇာလန်အသင်းအတွက် ပထမဂိုးကို ၁၇ မိနစ်တွင် ဖရိုင်းက သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် ဆွစ်ဇာလန်အသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် ဆွစ်ဇာလန်အသင်းက တစ်ဂိုးထပ်မံသွင်းယူခဲ့ရာ ၈၈ မိနစ်တွင် ဘာနက်ကာ သွင်းယူပေးခြင်း ဖြစ်သည်။

### နှစ်ပွဲကစား

အုပ်စု(ဆ)တွင် တောင်ကိုရီးယားအသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊တစ်ပွဲသရေ လေးမှတ်၊ ဆွစ်ဇာလန်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်၊ ပြင်သစ်အသင်းက နှစ်ပွဲကစား နှစ်ပွဲသရေ နှစ်မှတ်ရရှိထားပြီး တိုဂိုအသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံး အမှတ်မရသေးချေ။

### နောက်ဆုံးပွဲစဉ်

အုပ်စု(ဆ) နောက်ဆုံးပွဲစဉ်များအဖြစ် ဇွန် ၂၄ ရက်တွင် တိုဂိုအသင်းနှင့် ပြင်သစ်အသင်း၊ ဆွစ်ဇာလန်အသင်းနှင့် တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

**(သတင်းမှတ်စု-ကိုထွေး)**

# ယူကရိန်းက ဆော်ဒီအာရေဗျကို လေးဂိုးပြတ်နိုင်

**ရန်ကုန် ဇွန် ၁၉**

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု(ဇ)ဒုတိယပွဲစဉ်အဖြစ် ယနေ့ ည ၁၀ နာရီခွဲက ဟမ်းဘတ်မြို့ AOL Arena အားကစားကွင်း၌ ဆော်ဒီအာရေဗျအသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ယူကရိန်းအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

### ဦးဆောင်

ယူကရိန်းအသင်းသည် ပွဲဦးထွက်၌ စပိန်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ခဲ့၍ ယခုပွဲစဉ်၌ ခြေကုန်ထုတ်ကစားရာ ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယူကရိန်းအသင်းအတွက် ပထမဂိုးကို ပွဲစပြီး သုံးမိနစ်အကြာတွင် ရူဆိုးလ်က သွင်းယူခဲ့သည်။ ဒုတိယဂိုးကို ၃၅ မိနစ်တွင် ရီဗာရော့ဗ်က သွင်းယူပေးသည်။ ပထမပိုင်းအပြီးတွင် ယူကရိန်းအသင်းက နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။

### ယှဉ်ပြိုင်ကစားရမည်

ဒုတိယပိုင်းတွင် ယူကရိန်းအသင်းက နှစ်ဂိုးထပ်မံသွင်းယူခဲ့ရာ တတိယဂိုးကို ၄၆ မိနစ်တွင် ရှက်ဗ်ချင်ကိုကလည်းကောင်း၊ စတုတ္ထဂိုးကို ၈၂ မိနစ်တွင် ကီလပ်ချီကိုကလည်းကောင်း သွင်းယူပေးသည်။ ယူကရိန်းအသင်းသည် ယခုပွဲ အနိုင်ရရှိသဖြင့် အုပ်စုတက်ရန် မျှော်လင့်ချက်ရှင်သန်လာပြီဖြစ်သည်။ ယူကရိန်းအသင်းသည် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဇွန် ၂၃ ရက်တွင် တူနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**(သတင်းမှတ်စု-ကိုထွေး)**

# အခြေခံပန်းအလှပြုပြင်မှု သင်တန်းဖွင့်မည်

**ရန်ကုန် ဇွန် ၁၉**

မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းက ကြီးမှူးဖွင့်လှစ်မည့် အခြေခံ ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ်(၃/၂၀၀၆)ကို ဇူလိုင် ၁၀ ရက်မှ ၁၅ ရက်အထိ နေ့စဉ်မွန်းတည့် ၁၂ နာရီမှ ညနေ၄နာရီအတွင်း သင်တန်းသား သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စု အေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ်၄၀၀၀စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ်၅၀၀၀စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး တယ်လီဖုန်းအမှတ်-၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ **(၃၀၈)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၀-၆-၂၀၀၆ရက် (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇:၅၀ | ၅။ | ကဗျာပန်းဥယျာဉ် |
| ၈:၀၀ | ၆။ | အတီးပြိုင်ပွဲ |
| ၈:၀၅ | ၇။ | နှောင်းခေတ်တေးပဒေသာ |
| ၈:၁၅ | ၈။ | အကပြိုင်ပွဲ |
| ၈:၂၀ | ၉။ | တံတားအလှပန်းလောင် |
| ၈:၃၀ | ၁၀။ | International News |
| ၈:၄၅ | ၁၁။ | Let's Go |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ] |
| ၁၇:၀၀ | ၅။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက |
| ၁၇:၁၀ | ၆။ | ခံစားနားဆင် တေးဇာတ်ဝင် |
| ၁၇:၂၀ | ၇။ | **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး) |
| ၁၇:၃၀ | ၈။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၀၀ | ၉။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၁၀။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၁။ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၁၈:၅၀ | ၁၂။ | သားငါးဖွံ့ဖြိုး ပြည့်အကျိုး |
| ၁၉:၀၀ | ၁၃။ | ဖွံ့ဖြိုးမှုစုံစုံလင် စံပြကျေးရွာမင်းတိုင်ပင် |
| ၁၉:၀၅ | ၁၄။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း-၂) |
| ၂၀:၀၀ | ၁၅။ | ပြည်တွင်းသတင်း |
| | ၁၆။ | နိုင်ငံတကာသတင်းများ |
| | ၁၇။ | မိုးလေဝသအခြေအနေ |
| | ၁၈။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၄) |

## ၂၀၀၆ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

# စံရာစံထား အမေများ

ခင်ဆွေမြင့်
(မြန်မာစာ)

**"နှစ်ပြိုင်ဘက်ရှာ၊ ဝတီသာမှ
စံရာစံထား၊ ရွေးခဲ့ခြား၍
သိကြားတမျှ၊ ပြိုင်လှာသလည်း
သော်တာ့ရောင်တွင်၊ ကြယ်နှယ်ထင်ဟု
သခင်ကကို၊ များမိန့်ဆိုလိမ့်"**

ရတုစာဆိုအကျော် နတ်သျှင်နောင်၏ **"ရှစ်ဆိုင်ရွက်ကြာ"** ချီရတုမှ အထက်ပါ အပိုဒ်ကလေးကို ကျွန်မ မကြာခဏရွတ်ဆိုမိပါသည်။ တက္ကသိုလ်ကျောင်းသူဘဝ နတ်သျှင်နောင်၏ ရတုများကို သင်ယူရစဉ် ကာလကတည်းက ရင်ထဲနှုတ်ထဲစွဲနေခဲ့သော ကဗျာတစ်စ စာတစ်စဖြစ်ပါသည်။ နတ်သျှင်နောင်က သူ့ချစ်သူ၏အလှကို တာဝတီံသာမှ စံထားလောက်သည့် နတ်သမီးများ၏ အလှက ယှဉ်လာလျှင်ပင် လရောင်တွင် ကြယ်ရောင်သို့သာ ထင်ပါလိမ့်မည်ဟု ဖွဲ့ခဲ့ခြင်းဖြစ်ပါသည်။ နတ်သျှင်နောင်နှင့် မည်သို့မျှ မယှဉ်ဝံ့သော ကျွန်မကမူ ဤလောက၌ စံထားအပ်သော အမေများ၏ အလှကို လရောင်ကြယ်ရောင် မည်သည့် အရောင်အဝါနှင့်မျှ မယှဉ်နိုင်ဟု တွေးမြင်ခံစားမိခဲ့ပါသည်။

**"အမေ"** ဟူသော စကားလုံးကို ကြားလိုက်ရလျှင်ပင် ယင်းစကားလုံး၏ နောက်ကွယ်မှ အနက်အဓိပ္ပာယ်များစွာသည် တွဲဖက်ပါလာပါတော့သည်။ ကလလရည်ကြည် တည်သည်မှစပြီး တရွေ့ရွေ့ကြီးထွားလာသော သားသမီးကို ကိုးလကျော်ဆယ်လအထိ ဝမ်းနှင့်လွယ်ထားရသော ဒုက္ခကို မလွဲမသွေ ခံယူရသူဟူသည်ကိုလည်းကောင်း၊ သားသမီးကို နာကျင်ပင်ပန်းစွာ မွေးဖွားပေးရသူ၊ အသက်နှင့်ရင်းပြီး လူ့လောကသို့ ပို့ဆောင်ပေးရသူဟူသည်ကိုလည်းကောင်း၊ ပုလုကွေးလေးအရွယ်မှစပြီး နို့ချိုတိုက်ကျွေးခဲ့ရသူ၊ ကယိကထများစွာ ခံစားပြီး ပြုစုစောင့်ရှောက်ခဲ့ရသူဟူသည်များကိုလည်းကောင်း၊ သားသမီးများ၏ အသိအလိမ္မာအတွက် မလျှော့တမ်းသော စိတ်ဇွဲဖြင့် ဆုံးမသွန်သင်ခဲ့ရသူ၊ သားသမီးများ တင့်တောင့်တင့်တယ် ရပ်တည်နိုင်ရန်အတွက် နည်းအမျိုးမျိုးဖြင့် ပေးဆပ်ခဲ့ရသူဟူသည်များကိုလည်းကောင်း ဤတွဲဖက် အနက်အဓိပ္ပာယ်များစွာကို **"အမေ"**ဟူသော စကားလုံးနှင့် တစ်ဆက်တစ်စပ်တည်း သတိပြုမိ၊ သတိရမိကြပါသည်။

ကျေးဇူးကြီးမား တာဝန်များလှသော ဤအမေများသည် မိခင်လောင်းဘဝမှစပြီး မိမိဘဝအဆုံးသတ်သည်အထိ သားများ၊ သမီးများ၏ အမေဖြစ်ပါသည်။ အမေဖြစ်နေ၍ အမေ့တာဝန်ရှိနေပါသည်။ သားသမီးများ ပညာတတ်ဘွဲ့ရပြီး၍လည်း အမေ့ကိစ္စမပြီး၊ အလုပ်အကိုင်ရပြီး အရာရှိကြီးများ၊ လုပ်ငန်းရှင်ကြီးများ၊ သူဌေးသူကြွယ်ကြီးများ ဖြစ်လာသည့်တိုင်လည်း အမေ့ကိစ္စမပြီး၊ အိမ်ထောင်ရက်သားကျပြီးသည့်တိုင်အောင် အမေနေရာမှ တတ်စွမ်းသမျှ စောင့်ရှောက်ဖြည့်ဆည်းတတ်ကြပါသည်။ အထူးသဖြင့် ကျွန်မတို့ မြန်မာ့လူ့ဘောင်တွင် **"အမေ"**များသည် ဤသို့ တာဝန်ယူတတ်သော စံထားလောက်သည့် အမေများ ဖြစ်ကြပါသည်။

မြန်မာ့ဂန္ထဝင်စာပေတွင် စံထားလောက်သော အမေများကို တွေ့ရပါသည်။ ဝေဿန္တရာဇာတ်တော်မှ မဒ္ဒီဒေဝီသည် ခင်ပွန်းသည် တရားရှာ မိုးရာ ဝင်္ကပါတောင် တောခေါင်ခေါင်သို့ လိုက်ပါသွားပြီးနောက် ခင်ပွန်းသည်နှင့် သားငယ်ဇာလီ၊ သမီးငယ် ကဏှာဇိန်တို့ကို သစ်သီးသစ်ဖုများရှာဖွေ၍ ကျွေးမွေးပြုစုခဲ့သည်။ ညနေစောင်း၍ ကျောင်းသင်္ခမ်းသို့ ပြန်ရောက်လျှင် သားနှင့်သမီးအတွက် ကစားစရာ ဥသျှစ်သီးများ ယူလာပေးတတ်သည်။ နို့ချိုတိုက်ကျွေး၍ ချော့မြှူတတ်သည်။ မိမိရင်ခွင်၌ မြေမှုန့်အလိမ်းလိမ်း ကပ်နေသောကိုယ်ဖြင့် လူးလည်ပျော်ပါးကြကုန်သော သားနှင့်သမီးကို ပွေ့ပိုက်ရင်း နှစ်သိမ့်ကြည်နူးရသည်။

ဝေဿန္တရာမင်းကြီးက ဇူဇကာပုဏ္ဏားအား လှူဒါန်းလိုက်သောကြောင့် သားနှင့်သမီးကိုမတွေ့မမြင်ရသောအခါ မဒ္ဒီဒေဝီသည် အမျိုးမျိုးအဖုံဖုံ မြည်တမ်း၍ ငိုကြွေးခဲ့ရရှာသည်။

**"နေ့တိုင်းမှာမူ သူတစ်ပါးမရှိသော်လည်း သားသမီးနှင့်နေရခြင်းကြောင့် ဤကျောင်းသင်္ခမ်းသည် ပွဲသဘင်ကဲ့သို့ဖြစ်၏။ ယခု သားသမီးတို့ကို မမြင်ရသော ငါ့အား ဤကျောင်းသင်္ခမ်းသည် သုသာန်တစပြင်ကဲ့သို့ ခြောက်ခြောက်ကပ်ကပ် ဖြစ်ခဲ့၏တကား"**

ဟု မြည်ကြွေးခဲ့သူဖြစ်သည်။ ဝေဿန္တရာဇာတ်တော်ကြီးဝတ္ထုမှ မဒ္ဒီပဗ္ဗအခန်းသည် သားနှင့်သမီးပျောက်ဆုံး၍ သောကကြီးစွာ ရောက်နေသော အမေတစ်ယောက်၏ မေတ္တာအဖွဲ့နှင့် သောကအဖွဲ့များကြောင့် အသက်ဝင်ထင်ရှားခဲ့ပါသည်။ မဒ္ဒီဒေဝီသည် ကျွန်မတို့ မြန်မာ့လူ့ဘောင်အတွက် ကျမ်းဂန်ထဲမှ စံထားရသည့်အမေ ဖြစ်ပါသည်။

ပုဂံရာဇဝင်တွင် ကျန်စစ်မင်းကြီး၏ သားတော်ဖြစ်သော ရာဇကုမာရ်သည် မိဘနှစ်ပါး၏ကျေးဇူးကို ဗုဒ္ဓဘာသာဝင်ပီသစွာဆပ်ခဲ့သူဖြစ်သည်။ သားဖြစ်ပါလျက် ဖခင်ဖြစ်သူထံမှ ထီးမွေနန်းမွေကိုမရ။ အိမ်ရှေ့မင်းသားမဖြစ်။ ဇေယျခေတ္တရာဟူသော ဘွဲ့မည်နှင့် ဥဩဝတီကိုသာ စားခဲ့ရသူ ဖြစ်သည်။ သို့သော်ရာဇကုမာရ်သည် ခမည်းတော်အပေါ် စိတ်မကွက်။ ဖခမည်းတော်၏ သက်တမ်းကုန်လုပြီဖြစ်သော ဘဝနေဝင်ချိန်တွင် မိမိပိုင်ဆိုင်သော မယ်တော်မိဖုရားကြီး၏ လက်ဝတ်ရတနာ အဆင်တန်ဆာများဖြင့် ရွှေဆင်းတုတစ်ဆူ သွန်းလုပ်ခဲ့သည်။ ရွှေဆင်းတုတော်ကို ဌာပနာပြီး မြင်းကပါဂူပြောက်ကြီးဘုရားကို တည်ခဲ့သည်။ မယ်တော်၏ အမွေဖြစ်သော ရွာသုံးရွာကို ရတနာသုံးပါးအတွက် အလုပ်အကျွေး ပြုစိမ့်သော ကျွန်ရွာများအဖြစ် လှူဒါန်းပေးခဲ့သည်။ ဤသို့သော သားမျိုးကို မွေးဖွားပုံပြင် သွန်သင်ပေးခဲ့သော တြိလောကဝဋံသကာဒေဝီဘွဲ့ခံ မိဖုရားကြီး ဦးဆောက်ပန်းသည် မြန်မာ့သမိုင်းထဲမှ စံထားရသော အမေ ဖြစ်ပါသည်။

ယင်းသို့ပင် ပုဂံခေတ်ကျောက်စာများထဲမှတွေ့ရသော နရသီဟပတေ့မင်းကြီး (ခရစ်နှစ် ၁၂၅၆–၁၂၈၇)၏ မိဖုရားကြီးတစ်ပါးဖြစ်သည့် စောလုဝန်းဖွားစောသည် တစ်ဦးတည်းသောသား ရာဇသူကို အမေ၏ ချစ်ခြင်းဖြင့် နက်ရှိုင်းစွာ ချစ်ခင်မြတ်နိုးခဲ့သူဖြစ်သည်။ သားကိုချစ်သော်ကြောင့် "ဖွားစော"ဟူသော မိမိ၏အမည်ရှေ့တွင် သားအမည်ကိုပါ ထည့်သွင်းပြီး မိမိကိုယ်ကို"ရာဇသူဖွားစော"ဟု ခေါ်ဆိုခဲ့သည်။ ကုသိုလ်ပြုရာတွင်လည်း သားနှင့်အတူတကွပြုသည်။ သားရာဇသူ မကျန်းမမာဖြစ်သောအခါတွင်မူ သားအတွက်ဆိုပြီး ရတနာသုံးပါး အလှူကို ပြုပေးသည်။

**"နောင်ဘဝ နောင်အခါ၌ အကြင်လိုသော ဆုမရောက်သေးသရွေ့ကား အရွယ်မရောက်ခင် အနာညှဉ်းဆဲခြင်း၊ သေခြင်း အန္တရာယ်များ မဖြစ်ရပါစေနှင့်"**

ဟု ဆုတောင်းပေးခဲ့သည်။ သားရာဇသူအနိစ္စရောက်သွားသောအခါ–

**"ချစ်စွာသော ငါ့သားလှလဲ အမွေဥစ္စာနှင့်တကွ ငါမိခင်ရင်းကို စွန့်ခဲ့ပြီတကား"**

ဟု ကြေကြေကွဲကွဲ မြည်ကြွေးခဲ့သည်။ မိမိပိုင် ပစ္စည်းဥစ္စာများ၊ မိမိ၏နေအိမ်နှင့်တကွ အိမ်ရာများအားလုံးကို သားအတွက် ရည်စူးပြီး လှူဒါန်းပေးခဲ့သည်။ သားသမီးကို ချစ်သောအမေ၊ သားသမီးအတွက် တစ်ဘဝသာမက ဘဝသံသရာအဆက်ဆက်အတွက်ပါ တာဝန်ကျေခဲ့သောအမေဖြစ်ပါသည်။ ရာဇသူဖွားစောသည် မြန်မာကျောက်စာများထဲမှ စံထားရသောအမေဖြစ်ပါသည်။

စာပေကျမ်းဂန်ထဲ၊ သမိုင်းထဲ၊ ကျောက်စာများထဲမှ ဤသို့သော စံရာစံထား အမေများကဲ့သို့ပင် ကျွန်မတို့ မြန်မာ့လူ့ဘောင်တွင် စံထားလောက်သော အမေများ များစွာရှိကြပါလိမ့်မည်။

မန္တလေးမြို့မှ အမေဒေါ်သန်းသည် အသက် ၇၆နှစ် ရှိပြီဖြစ်သော်လည်း အသက် ၅၀ ဝန်းကျင်ရောက်နေပြီဖြစ်သော အိမ်ထောင်ခွဲသားများ၏ အိမ်သို့ ညမနက် ဟင်းမထပ်အောင်ချက်ပြီး နေ့စဉ်ဟင်းပို့နေဆဲဖြစ်ပါသည်။ ချက်တတ်ပြုတ်တတ် အိမ်ထောင်ထိန်းတတ်သော အိမ်ထောက်ဖက်များလည်း ရှိနေပါလျက်၊ သူ့အိမ်ထောင်နှင့်သူလည်း ပြည့်စုံနေကြပါလျက် မြေးများပင်ရနေပြီဖြစ်သော သားများအတွက် အမေသည် အမေ့တာဝန်ကို ထမ်းဆောင်နေဆဲဖြစ်ပါသည်။

ပြီးခဲ့သော ဒီဇင်ဘာလ ၃၀ရက်နေ့ကလည်း အမေတစ်ဦး၏ အသက် ၇၅နှစ်ပြည့်မွေးနေ့ပွဲနှင့် ကြုံကြိုက်ခဲ့ပါသည်။ မူလတန်းအဆင့်အထိသာ ကျောင်းနေခဲ့ရပြီး အတန်းပညာကို အပြည့်အဝမသင်ခဲ့ရသော အမေဒေါ်လှကြည်သည် သားသမီးခုနစ်ယောက်ကို ပညာရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ထွန်းတောက်အောင်မြင်အောင် ပျိုးထောင်ပေးနိုင်ခဲ့သည်။ နိုင်ငံရပ်ခြားမှာ ပညာသင်ခဲ့ကြသူများ၊ နိုင်ငံရပ်ခြားမှာ စီးပွားဥစ္စာဖြစ်ထွန်းနေကြသူများ၊ ကိုယ့်နိုင်ငံမှာပင် စီးပွားအရအောင်မြင်နေကြသူများ၊ လုပ်ငန်းရှင်ကြီးများဖြစ်နေကြသော သားသမီးများ၊ မြေးများသည် အမေကြီးကိုလည်းချစ်၊ ရတနာသုံးပါးကိုလည်း လေးမြတ်ကြည်ညို၊ လူမှုရေးအကျိုးဆောင် အလုပ်များကိုလည်း တက်ကြွစွာ လုပ်နေကြသည်ကို တွေ့ရှိရပါသည်။ အမေကြီးသည် ရှစ်နှစ်ကျော်မျှ လေဖြတ်ဝေဒနာ ခံစားခဲ့ရရှာသော ခင်ပွန်းသည်ကို သူတစ်ဦးတည်းက တာဝန်ယူပြီး ပြုစုခဲ့သူဖြစ်သည်။ သံဃာတော်များကို နေ့စဉ်ဝတ်မပျက် ဆွမ်းလောင်းခဲ့သည်မှာလည်း ယနေ့အထိတိုင်ပင် ဖြစ်သည်ဟုလည်း သိရှိရပါသည်။ သားသမီးများကို လိမ္မာယဉ်ကျေးအောင်နှုတ်ဖြင့် ဆုံးမရန်ပင်မလိုဘဲ အမေ၏နေမှုထိုင်မှု လုပ်ဆောင်မှုနှင့်ပင်လျှင် သွန်သင်လမ်းပြ ပေးနေသော လင်းကျင်းတောက်ပလှသည့် ဖန်မီးအိမ်ဖြစ်ပါသည်။ အမေကြီးကို ဝိုင်းချစ်နေကြသော၊ ဝိုင်းဝိုင်းလည်နေကြသော၊ ဘဝခရီးကို လျှောက်တတ်နေကြပြီဖြစ်သော သားသမီးမြေးမြစ်များ၏ အနာဂတ်သည်လည်း ဝင်းလက်လှပနိုင်ကြပါလိမ့်မည်။

ဤသို့သော စံရာစံထား အမေများအကြောင်းကို ဖတ်မိ၊ မှတ်မိ၊ ကြားမိ၊ တွေ့မိသောအခါ ကွယ်လွန်ခါနီးအချိန်အထိ သားသမီးများကို ချက်ပြုတ် ကျွေးမွေးချင်ခဲ့သော ကျွန်မတို့ အမေကိုလည်း လွမ်းဆွတ်သတိရမိပါသည်။

အသက်၈၀တွင်းသို့ ရောက်နေပြီဖြစ်သောကြောင့် တစ်စုံတစ်ခု ထိမိခိုက်မိမည်ကို စိုးရိမ်ပြီး မီးဖိုချောင်ထဲမဝင်ရန် ကျွန်မတားမြစ်သည့်ကြားမှ ဟင်းဝင်ချက်တတ်သော မေမေ၊ သူချက်သည့်ဟင်းကို ကျွန်မတို့ မြိန်မြိန်ရှက်ရှက်စားကြသောအခါ ကြည်နူးကျေနပ်နေသည့် မေမေ၊ ဤသို့သော အမေမျိုး များစွာကို သားသမီးများဖြစ်ကြသော ကျွန်မတို့များစွာသည် ရရှိခဲ့ကြပြီးဖြစ်ပါသည်။

ကျွန်မတို့ကိုယ်တိုင် အမေဖြစ်လာသောအခါတွင်မူ သားသမီးများ၏ အနာဂတ်၊ လူငယ်များ၏အနာဂတ်၊ နိုင်ငံတော်၏ အနာဂတ်အတွက် အုတ်မြစ်ကောင်းများ ချပေးနိုင်ပါ့မလား၊ အဆောက်အအုံကောင်းများ ဆောက်ပေးနိုင်ပါ့မလား၊ အမေ့တာဝန် ကျေပွန်သော အမေမှုဖြစ်ပါ့မလားဟု ကျွန်မ အကြိမ်ကြိမ် တွေးမိလာပါသည်။

မဒ္ဒီဒေဝီကဲ့သို့သော အမေ၊ ရာဇသူဖွားစောကဲ့သို့သော အမေ၊ တြိလောကဝဋံသကာဒေဝီကဲ့သို့သော အမေ၊ အမေကြီး ဒေါ်သန်းကဲ့သို့သော အမေ၊ အမေကြီး ဒေါ်လှကြည်ကဲ့သို့သော အမေ၊ အခြား အခြားသော စံထားလောက်သော အမေ၊ ယင်းအမေ အမေများ၏ခြေရာများကို နင်းနိုင်ပါ့မလားဟူ၍လည်း သံသယအကြိမ်ကြိမ်ပွားမိပါသည်။

စားမှု၊ ဝတ်မှု၊ နေမှု၊ ထိုင်မှုနှင့် လူမှုကိစ္စအဝဝတို့ အလွန်ထွေပြားလှသော ယနေ့ခေတ်ကာလတွင်...မနားမနေ ကြိုးစားအားထုတ် အလွန်အလုပ်လုပ်ကြရသော ကမ္ဘာကြီးက အမြဲတမ်းစိန်ခေါ်နေသည့် ၂၁ရာစုလူသားဘဝတွင် ...။

မိမိတို့ ရင်သွေးများသည် ရင်သွေးရတနာများ ဖြစ်လာအောင်၊ မိမိတို့သည်လည်း **"စံရာစံထား အမေများ"** ဖြစ်လာအောင် အမေများဖြစ်သော ကျွန်မတို့သည် မိမိတို့၏အချိန်၊ ဘဝ၊ စိတ်ဓာတ် အသိတရား၊ ပညာဗဟုသုတစသည်စသည်များစွာကို သားသမီးများအတွက် အရင်းအနှီးပြုပြီး အထူးပင်ကြိုးစားအားစိုက်ကြရဦးမည် ဖြစ်ပါသတည်း။ ။

**၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃) ရက်**
**မြန်မာအမျိုးသမီးများနေ့**

**နိုင်ငံတည်ဆောက် ဂုဏ်မြောက်တာဝန်**
**ကျေပွန်အင်အား မြန်မာအမျိုးသမီးများ**

### ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၄၉လမ်းနေ ကွယ်လွန်သူ ဖခင်ကြီး ဦးကျော်ထွတ်(မဟာသဒ္ဓမ္မဇောတိကဓဇ)အား ရည်စူး၍ ဇနီး ဒေါ်သိန်းကြွေ နှင့် သမီးများက ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးချစ်မြိုင်ထံ ပေးအပ် လှူဒါန်းစဉ်။**

(က–ပ)



# ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆိုက်ပရပ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီး မစ္စတာ အန်ဒရီးယပ်(စ်)ဂျီစကားပါးရီး(စ်)၏ နေရာတွင် မစ္စတာ အန်ဒရီးယပ်(စ်) ဇီနိုနော့(စ်)အား ခန့်အပ်ရန် ဆိုက်ပရပ်အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီလိုက်ပြီးဖြစ်သည်။

## ပူးတွဲထမ်းဆောင်

မစ္စတာ အန်ဒရီးယပ်(စ်) ဇီနိုနော့(စ်)သည် ၁၉၅၇ ခုနှစ်တွင် ဆိုက်ပရပ်နိုင်ငံ အေသင်ယာနိုမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၅ ခုနှစ်တွင် ဆိုက်ပရပ်နိုင်ငံ Lanition Gymnasium(Limassol)မှ ဘွဲ့ရရှိခဲ့ပြီး ပြင်သစ်နိုင်ငံ Aix-En Provence တက္ကသိုလ်၌ လူမှုရေးသိပ္ပံနှင့် ဖွံ့ဖြိုးတိုးတက်မှု သမိုင်းဘာသာရပ်များကို အထူးပြု၍ ဘွဲ့လွန်သင်တန်းများ တက်ရောက် ဆည်းပူးခဲ့သည်။ ယင်းနောက် ၁၉၇၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ စစ်မှုထမ်းခဲ့သည်။ ၎င်းသည် ၁၉၈၁ ခုနှစ်မှစတင်၍ ဆိုက်ပရပ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဆိုက်ပရပ်နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ဌာနခွဲအသီးသီး၌လည်းကောင်း၊ နယူးဒေလီမြို့၊ ပါရီမြို့နှင့် ပေကျင်းမြို့ရှိ ဆိုက်ပရပ် သံရုံးများ၌လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် အမှုထမ်းခဲ့သည်။ ယခုအခါ မစ္စတာ အန်ဒရီးယပ်(စ်) ဇီနိုနော့(စ်)သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ဆိုက်ပရပ်မဟာမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။ ၎င်းသည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ရုံးစိုက်နေထိုင်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဆိုက်ပရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

## ဘာသာစကား

မစ္စတာ အန်ဒရီးယပ်(စ်) ဇီနိုနော့(စ်)သည် ဂရိ၊ ပြင်သစ်နှင့် အင်္ဂလိပ်ဘာသာစကားများ တတ်ကျွမ်းသည်။ ၎င်းသည် အိမ်ထောင်မရှိသူဖြစ်သည်။ **(သတင်းစဉ်)**



အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်းက အကောင်အထည်ဖော်လျက်ရှိသော ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံစီမံကိန်း(ရန်ပယ်)ရှိ စက်များတပ်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

# အရည်အချင်း အရည်အသွေးပြည့်ဝသူများဖြစ်ရန် လေ့ကျင့်ပျိုးထောင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၁၆ ရက် ညနေ ၄ နာရီခွဲက မကွေးတိုင်း မြို့သစ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ အသင်းအတွင်းရေးမှူး၊ အလုပ်အမှုဆောင်နှင့် စည်းရုံးရေးမှူးများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ အသင်းအတွင်းရေးမှူးနှင့် စည်းရုံးရေးမှူးများက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော် ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တင်ပြကြရာ ဗဟိုအတွင်းရေးမှူးဦးအောင်သောင်းက တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရည်အချင်း အရည်အသွေး ပြည့်ဝသူများဖြစ်ရန် လေ့ကျင့်ပျိုးထောင်သွားရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အရှိန်အဟုန် မပျက်ဆောင်ရွက်သွားရေး ဒေသအတွင်း ပြည်သူများ ခြံစည်းရိုးကြက် ဆူပင်များ စိုက်ပျိုးသွားရန် စည်းရုံးဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ကျေးလက်ဒေသများရှိ ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ၅၅ဒါဇင်ကို အသင်းအတွင်းရေးမှူးထံ ပေးအပ်လှူဒါန်းသည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးဦးအောင်သောင်းသည် ညနေပိုင်းတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့သို့ ရောက်ရှိပြီး မြန်မာ့အထည်အလိပ်လုပ်ငန်း ကုန်ထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် တောင်တွင်းကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး သို့ရောက်ရှိပြီး အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များနှင့်တွေ့ဆုံပြီး ရှင်းလင်းတင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူးက ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းကြီး၏ မွန်မြတ်သန့်စင်သော ဦးတည်ချက်၊ ရည်ရွယ်ချက်နှင့်အညီ ပြည်သူများနှင့် ထိတွေ့ပြီး အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ဝန်ကြီးသည် ဇွန် ၁၇ ရက်နံနက်ပိုင်းတွင် တောင်တွင်းကြီးမြို့နယ်မြန်မာ့စားသောက်ကုန် လုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပြောင်းဖူးထုတ်ကုန် ပစ္စည်းစက်ရုံစီမံကိန်း(ရန်ပယ်)သို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးသည် စက်ရုံဝင်းအတွင်းရှိ ကော်မှုန့်စက်ရုံပင်မ အဆောက်အအုံသို့ ရောက်ရှိပြီး ဆီနှင့်ကော်မှုန့်ထုတ်လုပ်ရာ၌ လိုအပ်သော ပြောင်းဖူးစေ့များကို ကြည့်ရှုစစ်ဆေးပြီး စက်များအမြန်လည်ပတ်ထုတ်လုပ်နိုင်ရန် မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် တိရစ္ဆာန်အစာစက်ရုံသို့ရောက်ရှိပြီး စက်စမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာချိုဝင်းမော်က ရှင်းလင်းတင်ပြသည်။

### စိစစ်သုံးသပ်

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဝန်ကြီးက လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အပိုင်းကဏ္ဍတစ်ခုချင်း၏ အားသာချက် အားနည်းချက်များကို စိစစ်သုံးသပ်၍ အားနည်းချက်များကို ချက်ချင်း ပြုပြင်သွားကြရန်၊ ကျန်ရှိစက်ပစ္စည်းများ အမြန်ရရှိရေး စီမံဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

### အကောင်အထည်ဖော်

ဆက်လက်၍ ဝန်ကြီးသည် တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြင်းမွေးမြူရေးစီမံကိန်းသို့ ရောက်ရှိပြီး မြင်းဇောင်း သုံးလုံး တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တည်ဆောက်သွားမည့် မြင်းဇောင်းများနေရာနှင့် စားကျက်မြက်ခင်း ပြုလုပ်သွားမည့်နေရာများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

# ညောင်ကန်အေးရိပ်သာ ဝါဆိုသက်နိုးဆက်ကပ်ပွဲ

**ရန်ကုန် ဇွန် ၁၉**

ရွှေပြည်သာမြို့နယ် ညောင်ကန်အေး ရွှေပြည်သာ သာသနာ့ရိပ်သာ (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ရိပ်သာပဓာနနာယက ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အာစိဏ္ဏ(ရွှေဘို)အား အမှူးထား၍ ဇူလိုင် ၇ရက်(ဝါဆိုလဆန်း ၁၄ရက်) စနေနေ့ နံနက်၇နာရီမှစ၍ အဆိုပါရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။ အလှူရှင်များ အချိန်မီ ကြွရောက်ရန်နှင့် သင်္ကန်းဒွိစုံတစ်စုံ ကျပ်၂၀၀၀၊ ငွေပဒေသာပင် တစ်ပင် ကျပ်၁၀၀၀၊ ဆွမ်းစရိတ် တစ်ပါးကျပ် ၅၀၀နှင့် ထီး၊ ဖိနပ်၊ဆေးဝါး ကျပ်၁၀၀၀ဖြင့် လှူဒါန်းလိုသူများသည် ရိပ်သာ ဝေယျာဝစ္စ ဖုန်း-၆၁၀၃၆၃ နှင့် အကျိုးဆောင် ဦးတင်ငွေ ဖုန်း-၆၁၀၉၄၇၊ ဦးတင်ဝင်း ဖုန်း-၆၁၁၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

# The Commerce Journal အတွဲ(၆)၊ အမှတ်(၁၁)ဖြန့်ချိ

**ရန်ကုန် ဇွန် ၁၉**

The Commerce Journal အတွဲ(၆)၊ အမှတ်(၁၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါဂျာနယ်တွင် နိုင်ငံတကာအဆင့်မီ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များတင်ပို့နေသည့် Sun Tree ကုမ္ပဏီ၊ ဘက်စုံအသုံးဝင် ဂျင်ဆင်းဆေးပင် သန်လျင်တွင် စိုက်ပျိုးဖြစ်ထွန်း၊ မြန်မာ့စိန်တစ်လုံး သရက်သီးဈေးကွက်ချဲ့ထွင်ပြီး၊ သဘာဝရော်ဘာ ဈေးကောင်း၊ တရုတ်နိုင်ငံတွင် ရွှေဈေးအမြင့်ဆုံးရောက် စသည့် သတင်းများအပြင်၊ မောင်စူးစမ်း၏ ကမ္ဘာ့ဖလားဘောလုံးပွဲမှ ပုံရိပ်ကို ခက်ခက်ခဲခဲထုထောင်ရန်လိုသလား၊ မောင်တိုင်ပင်၏ လူငယ်တွေ၏ အနာဂတ်လုပ်ငန်းခွင်၊ ကြည့်ရှုန်း၏ အောင်မြင်ချမ်းသာနည်း ၁၀၀၊ အောင်သင်း၏ ကျွန်တော်ကျောင်းဆရာ၊ မောင်ဆုရှင်၏ ဗီတာမင်လွန်ကဲသော်၊ ကြည်မင်း၏ သူကြွယ်များကို ကြည့်ရှုခြင်း၊ မောင်ပုဆိုးကြမ်း၏ ရှရှားရေနံကြွယ်ဝမှု၊ ဟံသာထွန်း၏ ကကတစ်ငါး၊ သိန်းမြသိန်း၏ ရင်းနှီးမြှုပ်နှံသူတွေ မျက်စိကျနေတဲ့ မွန်ဘိုင်းမြို့စတဲ့ ဆောင်းပါးများ၊ ပြည်တွင်းပြည်ပ ဈေးကွက်သတင်းများ၊ နယ်စပ်ကုန်သွယ်ရေးသတင်းများ၊ ဆရာစံဇာဏီဘို၏ အမည်ဟောကိန်း၊ ဟာသ၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ် ၃၈ လမ်း ၃၀ ပန်းဘဲတန်းမြို့နယ်က တစ်ပြည်လုံးသို့ ဖြန့်ချိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်

**အင်းစိန်မြို့နယ် ပေါက်တောရပ်ကွက် လှိုင်မြစ်လမ်း အမှတ် ၅၇၈ နေ ဒေါ်သန်းကြည်မိသားစုက အလှူငွေကျပ် တစ်သိန်းကို အင်းစိန်မြို့နယ် မာလာရာမကွက်သစ် ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဒုတိယဥက္ကဋ္ဌ(၁) ဦးထွန်းမင်းနှင့် အမှုဆောင်ဦးအောင်မိုးတို့က လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

**ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းရှိ ဓညဝတီ သာသနာပြုကျောင်းတွင် ဖွင့်လှစ်ထားသော ရခိုင်ပြည်နယ် ၄မြို့နယ် လေဘေးကူညီရေးကော်မတီ(ရန်ကုန်) စခန်းတွင် ဇွန် ၁၃ ရက်က ဘုရင့်နောင်ဈေး မိသားစုများ၏ကိုယ်စား ဈေးသာယာရေးအဖွဲ့ ဒုဥက္ကဋ္ဌ ဦးလှအေး၊ အတွင်းရေးမှူး ဦးခင်မောင်လွင်၊ စာရင်းစစ် ဦးစံသိန်းတို့က အလှူငွေကျပ် ခြောက်သိန်းနှင့် အဝတ်အထည်များလှူဒါန်းရာ လေဘေးကူညီရေးကော်မတီနာယက ဦးဘရွှေ၊ ဥက္ကဋ္ဌ ဦးကျော်ရင်နှင့် ကော်မတီဝင်များ လက်ခံယူစဉ်။** (က-ပ)



# ပုဏ္ဏာမိဓမ္မရိပ်သာကျောင်းတိုက် မိုးကုတ် ၁၀ ရက်တရားပွဲ

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ဆ/ခ ရပ်ကွက် ပုဏ္ဏာမိဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်အား ဦးထိပ်ထား၍ အကျိုးတော်ဆောင်များက ကြီးမှူးသော (၇၃)ကြိမ်မြောက် တရားစခန်းပွဲကို (၁၃၆၈ ခုနှစ် ဝါဆိုလပြည့်နေ့မှ လပြည့်ကျော် ၉ ရက်နေ့အထိ) ဇူလိုင် ၉ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်သည်။ စခန်းပွဲတွင် ကျောင်းတိုက်၏ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးပညာသာရ အရှင်သူမြတ်နှင့် နယ်လှည့် မိုးကုတ်ဓမ္မကထိက ဆရာကြီး ဦးဆန်းတင်တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ်တရား၊ ဝိပဿနာအလုပ်ပေးတရား နှင့် သစ္စာလေးပါး တရားတို့ကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်မည့်ယောဂီများ ကြိုတင်စာရင်း ပေးသွင်းနိုင်ပြီး ရပ်ဝေးရပ်နီး ဓမ္မမိတ်ဆွေများအား တရားနာကြွရောက်ကြရန်နှင့် တရားစခန်းဝင်မည့်ယောဂီများ ဇူလိုင် ၈ ရက် ညနေ ၅ နာရီအရောက် ပုဏ္ဏာမိ ဓမ္မရိပ်သာကျောင်းတိုက် ဆ/ခ ရပ်ကွက်သို့ လာရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

# ကမ္ဘာ့ဖလား အိမ်ရှင်ဂျာမနီအသင်း အုပ်စုပထမရရှိနိုင်မည်လော

ရန်ကုန် ဇွန် ၁၉

**၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(က)မှ အုပ်စု(ဇ)အထိ အသင်းများ နှစ်ပွဲစီကစားပြီးကြပြီ ဖြစ်သည်။ အုပ်စုဒုတိယပွဲစဉ်များအပြီးတွင် အိမ်ရှင်ဂျာမနီ၊ အီကွေဒေါ၊ အင်္ဂလန်၊ အာဂျင်တီးနား၊ ဟော်လန်(နယ်သာလန်)၊ ပေါ်တူဂီနှင့် ဘရာဇီးတို့ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားကြပြီဖြစ်သည်။ ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အုပ်စုနောက်ဆုံးပွဲစဉ်များအဖြစ် အုပ်စု(က)မှ အီကွေဒေါနှင့် ဂျာမနီ၊ ကော့စတာရီကာနှင့် ပိုလန်၊ အုပ်စု(ခ)မှ ဆွီဒင်နှင့် အင်္ဂလန်၊ ပါရာဂွေးနှင့် ထရီနီဒက်တို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။**

### အီကွေဒေါနှင့် ဂျာမနီ

ဇွန် ၂၀ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ဘာလင်မြို့ရှိ Olympiastadion အားကစားကွင်း၌ အုပ်စု(က)မှ အီကွေဒေါအသင်းနှင့် ဂျာမနီအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နှစ်သင်းစလုံး ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားပြီဖြစ်ရာ အုပ်စု ပထမနေရာလုရမည့်ပွဲ ဖြစ်သည်။ အိမ်ရှင်ဂျာမနီအသင်းအနေဖြင့် အင်္ဂလန်အသင်းကို ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ရှောင်ရှားလိုပါက ယခုပွဲကို အနိုင်ကစားရမည်ဖြစ်သည်။

အီကွေဒေါအသင်းသည် ပိုလန်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ကော့စတာရီကာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ ခြောက်မှတ်ဖြင့်ပွဲမကုန်မီ အုပ်စုကိုကျော်ဖြတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ အုပ်စု(က)၌ ပိုလန်အသင်းကို အုပ်စု ဒုတိယနေရာ ရနိုင်သည်ဟု ထင်ကြေးပေးခဲ့ကြရာ လွဲကြရပြီဖြစ်သည်။ အီကွေဒေါအသင်းသည် ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း အုပ်စု ပထမအဆင့်မှပင် ထွက်ခဲ့ရသည်။ ဒုတိယအကြိမ် ခြေစစ်ပွဲအောင်မြင်လာသည့် ယခုပြိုင်ပွဲ၌ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်နိုင်ခဲ့ခြင်းမှာ အီကွေဒေါ ဘောလုံးသမိုင်း၌ သမိုင်းသစ်ရေးထိုးနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ အီကွေဒေါအသင်းကို ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေများသော အိမ်ကွင်း၌သာ ခြေစွမ်းပြနိုင်သည့်အသင်းအဖြစ် အများက ယူဆထားခဲ့ကြသည်။ ယခုအခါ ဥရောပမြေ၌ ပိုလန်နှင့် ကော့စတာရီကာအသင်းတို့ကို အနိုင်ယူပြခြင်းဖြင့် အိမ်ကျယ်ဟူသော ယူဆချက်များကို ချေဖျက်နိုင်ခဲ့ပြီဖြစ်သည်။

### အကောင်းဆုံးဆု

အီကွေဒေါအသင်းအတွက် တီနိုရီယိုက နှစ်ဂိုး၊ ဒယ်လ်ဂါဒိုက နှစ်ဂိုး၊ ကာဗီဒက်စ်က တစ်ဂိုးသွင်းယူပေးခဲ့သည်။ အီကွေဒေါတိုက်စစ်မှူး ဒယ်လ်ဂါဒိုသည် ပွဲစဉ်အလိုက် အကောင်းဆုံးဆုနှစ်ကြိမ်ရရှိထားပြီး စောင့်ကြည့်ရမည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။ တိုက်စစ်မှူးဒယ်လ်ဂါဒိုက မိမိတို့နိုင်ငံမှ စောင့်ကြည့်နေကြသည့် ပရိသတ်များအတွက် အနိုင်ကစားပေးနိုင်ခဲ့၍ ဝမ်းသာပျော်ရွှင်ကြောင်း၊ ဂျာမနီအသင်းကို အနိုင်ကစားရန် တွေးထားကြောင်း၊ အကောင်းဆုံးဆု နှစ်ကြိမ်ရရှိသဖြင့် ပျော်ရွှင်မိသော်လည်း အသင်းအနိုင်ရရှိရေးကိုသာ အဓိက အာရုံစိုက်ကစားခဲ့ကြောင်း ပြောကြားခဲ့သည်။ အီကွေဒေါအသင်းသည် ကစားခဲ့သော နှစ်ပွဲတွင် ဂိုးသွင်းခံရခြင်းမရှိရာ နောက်တန်း တောင့်တင်းသောအသင်းများထဲ၌ တစ်သင်းအပါအဝင်ဖြစ်သည်။

အိမ်ရှင်ဂျာမနီအသင်း အုပ်စုပထမရရှိမည်ဟု ထင်ကြေးပေးမှုများ ရှိခဲ့ရာ မှန်မမှန်စောင့်ကြည့်ရမည် ဖြစ်သည်။ ဂျာမနီအသင်းသည် ကော့စတာရီကာအသင်းကို လေးဂိုး-နှစ်ဂိုး၊ ပိုလန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ခြောက်မှတ်ဖြင့် အုပ်စုကိုကျော်ဖြတ်နိုင်ခဲ့သည်။ ဂျာမနီအသင်းအတွက် ကလိုဆေးက နှစ်ဂိုး၊ ဖိလစ်လမ်း၊ ဖရင်းနှင့် နျူဗီးလ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ ကော့စတာရီကာနှင့်ပွဲတွင် ကလိုဆေး၊ ပိုလန်နှင့်ပွဲတွင် ဖိလစ်လမ်းတို့ အကောင်းဆုံးဆုရရှိခဲ့ကြသည်။ ကော့စတာရီကာနှင့်ပွဲတွင် တစ်ဂိုးသွင်းယူပေးခဲ့သော ဖိလစ်လမ်းသည် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးဂိုးသွင်းသူအဖြစ် မှတ်တမ်းဝင်သွားသည်။

### ခြေစွမ်းပြ

ဂျာမနီနောက်တန်းလူ ဖိလစ်လမ်း (ဘိုင်ယန်မြူးနစ်)သည် နှစ်ပွဲစလုံး ခြေစွမ်းပြကစားပြီး ပိုလန်နှင့်ပွဲတွင် အကောင်းဆုံးဆုရရှိခဲ့ရာ ချယ်လ်ဆီးနည်းပြ မော်ရင်ဟို မျက်စိကျနေပြီး ပေါင် ၁၀ သန်းဖြင့် ခေါ်ယူမည်ဟု သတင်းများ ထွက်ပေါ်နေသည်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုသည် ဘိုင်ယန်မြူးနစ် အလယ်တန်းလူ မိုက်ကယ်ဘောလက်ကို မကြာမီက ခေါ်ယူခဲ့သည်။ ဂျာမနီအသင်းတွင် မိုက်ကယ်ဘောလက် ပါဝင်ကစားနေပြီဖြစ်သော်လည်း ပိုလန်ကို တစ်ဂိုးသာ သွင်းနိုင်ခဲ့သည်။ နောက်တန်း ဘယ်အစွန်လူ ဖိလစ်လမ်း တိုက်စစ်ကို လိုက်ပါကစားနိုင်၍ ဂျာမနီ၏ တိုက်စစ်ဆင်မှုသည် ဘယ်တောင်ပံကိုသာ အဓိကအားပြုထားသည်ကို တွေ့ရသည်။ အလယ်တန်းမှ ရှနိုက်ဒါနှင့် ဖရင်းတို့ ခြေစွမ်းပြနိုင်ပြီး ရှေ့တန်း၌ ကလိုဆေးနှင့် နျူဗီးလ်ကိုပင် တွဲ၍ ပွဲထုတ်မည်ဖြစ်သည်။

ဂျာမနီနည်းပြ ကလင်းစမန်းက အီကွေဒေါကို အနိုင်ကစားပြီး အုပ်စု ပထမယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ရှုံးထွက် ၁၆ သင်းအဆင့်၌ မည်သည့်အသင်းနှင့် တွေ့မည်ကို မစဉ်းစားကြောင်း၊ အီကွေဒေါနှင့် ပွဲကိုသာ အာရုံစိုက်ထားကြောင်း၊ ဘာလင်၌ကစားရမည့်ပွဲ၌ အီကွေဒေါကို အနိုင်ကစားပြီး ပရိသတ်များ အောင်ပွဲခံနိုင်အောင် ဆောင်ကြဉ်းပေးချင်ကြောင်း နည်းပြ ကလင်းစမန်းက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ ဂျာမနီနှင့် အီကွေဒေါတို့ပွဲစဉ်မှာ အင်္ဂလန်နှင့် ဆွီဒင်ပွဲစဉ်ထက် စော၍ ကစားရမည်ဖြစ်ရာ ဂျာမနီအနေဖြင့် အီကွေဒေါကိုအနိုင်ရခဲ့လျှင် အင်္ဂလန်ကလည်း ဆွီဒင်ကို အနိုင်ကစားပြီး အိမ်ရှင်နှင့် ထိပ်တိုက်မတွေ့အောင် ရှောင်ထွက်သွားဖွယ်ရှိသည်။

### ပွတ်ကာသီကာ

အီကွေဒေါအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၃၉)၊ ဂျာမနီအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၁၉) ဖြစ်သည်။ အီကွေဒေါနှင့် ဂျာမနီတို့ ယခင်က ဆုံတွေ့ခဲ့ဖူးခြင်းမရှိပေ။ ဂျာမနီအသင်းသည် တောင်အမေရိကတိုက်မှအသင်းများနှင့်ဆုံတွေ့လျှင် အနိုင်ရရှိမှု များသည်။ အီကွေဒေါက နောက်တန်းနှင့် အလယ်တန်း အားသာသည်။ အီကွေဒေါက သရေဆိုလျှင် အုပ်စုပထမ ရနေပြီဖြစ်ရာ ထိန်းကစားသွားဖွယ်ရှိသည်။ ဂျာမနီအလယ်တန်း ကောင်းသော်လည်း နောက်တန်း အားနည်းချက်ရှိသည်။ နိုင်မှဖြစ်မည်ဟူသော စိတ်ဖြင့် ဖွင့်ကစားလျှင် ကောင်တာပေါက်ပြီး ဂိုးပေးရနိုင်သည်။ သရေပွဲဖြစ်ရန် များနေပြီး နိုင်ချင်းနိုင်လျှင် အိမ်ရှင်ဂျာမနီ ပွတ်ကာသီကာနိုင်သွားမည်ဟု ထင်မိသည်။

### ကော့စတာရီကာနှင့် ပိုလန်

ဇွန် ၂၀ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ည ၈ နာရီခွဲတွင် ဟန်နိုဗာမြို့ရှိ AWD Arena အားကစားကွင်း၌ အုပ်စု(က)မှ ကော့စတာရီကာအသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ နှစ်သင်းစလုံး အုပ်စုတက်ရန် မျှော်လင့်ချက်ကုန်ဆုံးနေပြီဖြစ်ရာ ဂုဏ်သိက္ခာအတွက်သာ ကစားရမည်ဖြစ်သည်။ အုပ်စု(က) နောက်ဆုံးပွဲစဉ်များကို တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အီကွေဒေါနှင့် ဂျာမနီပွဲကိုသာ အဓိက စောင့်ကြည့်ရမည်ဖြစ်သည်။

ကော့စတာရီကာ၏ လက်ရှိကမ္ဘာ့အဆင့်(၂၆)၊ ပိုလန်၏ လက်ရှိကမ္ဘာ့အဆင့်(၂၈)ဖြစ်သည်။ ကော့စတာရီကာနှင့် ပိုလန်တို့ ယခင်က နှစ်ကြိမ်ဆုံတွေ့ခဲ့ဖူးရာ ပိုလန်က နှစ်ပွဲစလုံး အနိုင်ရရှိခဲ့သည်။ ကော့စတာရီကာအသင်း ခြေစွမ်းမှာ သာမန်မျှသာရှိသည်။ ပိုလန်အသင်း နှစ်ပွဲစလုံး ရှုံးသော်လည်း ကြိုးစားအားထုတ်မှု ကောင်းသည်။ ပိုလန်တို့ အိမ်အပြန် မျက်နှာပန်းလှရေးအတွက် အနိုင်ကစားပြမည်ဟု ထင်မိသည်။

### ဆွီဒင်နှင့် အင်္ဂလန်

ဇွန် ၂၁ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ကိုလုံးမြို့ရှိ Rehin Energie Stadion အားကစားကွင်း၌ အုပ်စု(ခ)မှ ဆွီဒင်အသင်းနှင့် အင်္ဂလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စုတက်ရန် သေချာပြီဖြစ်သော အင်္ဂလန်အသင်းနှင့် စိတ်မချရသေးသော ဆွီဒင်အသင်းတို့၏ပွဲစဉ်မှာ မဟာပြိုင်ဘက်နှစ်သင်း ဆုံတွေ့ခြင်းဖြစ်၍ အကြိတ်အနယ်ရှိမည် ဖြစ်သည်။ ယခုပွဲ မကစားမီ ဂျာမနီနှင့် အီကွေဒေါပွဲ အဖြေထွက်နေပြီဖြစ်ရာ အင်္ဂလန်အနေဖြင့် အနိုင်ကစားမလား၊ သရေကစားမလား၊ အရှုံးပေးမလားဆိုသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ဂျာမနီ

အုပ်စုပထမရသွားလျှင် အင်္ဂလန်အသင်း အနိုင်(သို့မဟုတ်)သရေကစားပြီး အုပ်စုပထမယူမည်ဖြစ်သော်လည်း ဂျာမနီအုပ်စု ဒုတိယဖြစ်သွားလျှင် စဉ်းစားစရာဖြစ်နေသည်။

အင်္ဂလန်အသင်းသည် ပါရာဂွေးအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ထရီနီဒက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ခြောက်မှတ်ဖြင့် အုပ်စုအဆင့်ကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်း နှစ်ပွဲပေါင်း သုံးဂိုးရခဲ့သော်လည်း တစ်ဂိုးမှာ ပါရာဂွေး အသင်းခေါင်းဆောင် ဂါမာရာ ကိုယ့်ဂိုးကိုယ်သွင်းပေးခြင်းဖြစ်သည်။ အင်္ဂလန်အသင်းအတွက် တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည့် ပီတာခရော့ချ်နှင့် စတီဗင်ဂျရတ်တို့သည် လီဗာပူးအသင်းမှ ဖြစ်ကြသည်။ လီဗာပူးအသင်းသားများ တာဝန်ကျေပြီဖြစ်သော်လည်း ချယ်လ်ဆီးမှ လမ်းပတ်နှင့် ဂျိုကိုးလ်၊ မန်ယူမှ ရွန်နေနှင့် ဖာဒီနန့်တို့ ဂိုးသွင်းပြရန် လိုနေသေးသည်။ အင်္ဂလန်အသင်းမှ လမ်းပတ်နှင့် ဘက်ခမ်းတို့ ပွဲစဉ်အလိုက် အကောင်းဆုံးဆု ရရှိထားကြသည်။ အင်္ဂလန်အသင်းမှ ဂျရတ်၊ ခရော့ချ်နှင့် လမ်းပတ်တို့ အဝါကတ်ထိထားကြရာ ဆွီဒင်နှင့်ပွဲ၌ အဝါကတ် ထပ်ထိလျှင် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ပါဝင်ခွင့်ရမည်မဟုတ်ပေ။ နည်းပြ အဲရစ်ဆင်အနေဖြင့်

ငှင်းတို့သုံးဦးစလုံး ချန်လှပ်ထားရမည့် အနေအထားဖြစ်နေသည်။

### အိုဝင်နှင့် ရွန်နေ

အင်္ဂလန်အသင်း တိုက်စစ်မှူး မိုက်ကယ်အိုဝင်နှင့် နည်းပြအဲရစ်ဆင်တို့ကြား မပြေလည်မှု ရှိသည်ဟု သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နောက်ဆုံးကြားသိရသော သတင်းများအရ ဆွီဒင်နှင့်ပွဲ၌ အိုဝင်နှင့် ရွန်နေ အတွဲကို ပွဲထုတ်မည်ဟု သိရသည်။ ခရော့ချ် အဝါကတ်ထိထားခြင်းကြောင့် အိုဝင် ကစားခွင့်ရမည့်သဘောပင်ဖြစ်သည်။ အစောပိုင်း ထွက်ပေါ်ခဲ့သည့် သတင်းများ၌ ဆွီဒင်နှင့်

ကစားမည့်ပွဲ၌ ပထမတာထွက်စာရင်းတွင် အိုဝင်ပါမည်မဟုတ်ကြောင်း နည်းပြ အဲရစ်ဆင်က ပြောကြားခဲ့သည်။ မိုက်ကယ်အိုဝင်သည် နှစ်ပွဲစလုံး ဒုတိယပိုင်းတွင် လူစားလဲခံခဲ့ရပြီး ခြေစွမ်းပြနိုင်ခြင်းမရှိ၍ အရန်ခုံ ထိုင်ရမည့်အနေအထား ဖြစ်နေသည်။ ပီတာခရော့ချ်ကို ပွဲအပြည့်သုံးခဲ့ပြီး မိုက်ကယ်အိုဝင်ကို လူစားလဲခဲ့ခြင်း အပေါ် နယူးကာဆယ်အသင်း တာဝန်ရှိသူများနှင့် အလန်ရှီးယားတို့ကလည်း အဲရစ်ဆင်ကို ဝေဖန်ပြောကြားခဲ့သည်။

ဆွီဒင်အသင်းသည် ထရီနီဒက်အသင်းကို ဂိုးမရှိသရေကျခဲ့ပြီး ပါရာဂွေးအသင်းကိုတစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့၍ လေးမှတ်ရရှိထားသည်။ ပါရာဂွေးနှင့်ပွဲတွင် တစ်လုံးတည်းသော အနိုင်ဂိုးကို ယွန်းဘတ်(အာဆင်နယ်)က သွင်းယူပေးပြီး ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ယွန်းဘတ်ကပင် ရရှိခဲ့သည်။ ဆွီဒင်အသင်းက အင်္ဂလန်အသင်းကို နှစ်ဂိုးပြတ်ရှုံးပြီး ထရီနီဒက်က ပါရာဂွေးကို နှစ်ဂိုး-ဂိုးမရှိ (သို့မဟုတ်) နှစ်ဂိုး-တစ်ဂိုးရလဒ်များဖြင့် အနိုင်ရခဲ့လျှင် ဆွီဒင်အသင်း အုပ်စုအဆင့်မှ ထွက်သွားရမည်ဖြစ်သည်။ ဆွီဒင်အသင်း တိုက်စစ်မှူး အီဗရာဟီမိုဗစ် ဒဏ်ရာကြောင့် ဆေးကုသမှုခံယူနေရသည်ဖြစ်ရာ ယခုပွဲ ပါဝင်ကစားနိုင်မည် မဟုတ်ပေ။ ဆွီဒင်အသင်းသားများ အင်္ဂလန်ကို အနိုင်ကစားမည်ဟု အားခဲထားပြီး ခြေစွမ်းအရလည်း ယှဉ်နိုင်သည့် အနေအထား ရှိကြသည်။

### အနိုင်မရဖူးသေး

အင်္ဂလန်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၁၀)၊ ဆွီဒင်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၁၆) ဖြစ်သည်။ အင်္ဂလန်အသင်းနှင့် ဆွီဒင်အသင်းတို့ ၁၉၆၈ ခုနှစ်မှ ယခုအထိ ၁၀ ကြိမ် တွေ့ဆုံခဲ့ရာ ဆွီဒင်က လေးပွဲနိုင်ပြီး ခြောက်ပွဲ သရေကျခဲ့သည်။ အင်္ဂလန်အသင်းသည် ၃၈ နှစ်တာကာလအတွင်း ဆွီဒင်အသင်းနှင့် လမ်းခွဲတော့မည်ဖြစ်သည်။ နည်းပြ အဲရစ်ဆင်အနေဖြင့် အင်္ဂလန်က ဆွီဒင်ကို အနိုင်ရသည့် မှတ်တမ်းကောင်းတစ်ခု ထားခဲ့ချင်ပေလိမ့်မည်။ အင်္ဂလန်ရှေ့တန်း၌ အိုဝင်နှင့် ရွန်နေဆိုလျှင် ဆွီဒင်နောက်တန်း ထိန်းရခက်နိုင်သည်။ ထရီနီဒက်နှင့်ပွဲတွင် လူစားဝင်ပြီးခြေစွမ်းပြခဲ့သည့်လင်နွန်(စပါးစ်)ကိုလည်း ဒုတိယပိုင်း ထည့်သုံးနိုင်သည်။ ဆွီဒင်မှ လာဆင်နှင့် ယွန်းဘတ်တို့ကို အင်္ဂလန်နောက်တန်း ထိန်းရခက်နိုင်သည်။ အင်္ဂလန်က ကွင်းလယ်၌ ဘောလုံးအခင်းအကျင်းလုပ်ရင်း အချိန်ကုန်မခံဘဲ အမြင့်ဘောများဖြင့် ဂိုးရရှိရေး ကြိုးစားမည်ဖြစ်သည်။ ဆွီဒင်အသင်းက အလယ်တန်းနှင့် ရှေ့တန်း အုပ်စုဖွဲ့ပြီး အနီးပေး ထိုးဖောက်မည်ဖြစ်သည်။ ကစားဟန်မတူ၍ ကြည့်ကောင်းမည်ဖြစ်သလို အင်္ဂလန်တို့ ရှုံးကွေ့ဆပ်နိုင် မဆပ်နိုင်ကလည်း စိတ်ဝင်စားစရာဖြစ်နေသည်။ သရေဆိုသောရလဒ်မှာ နှစ်သင်းစလုံးအတွက် အထိုက်တန်ဆုံးဖြစ်သော်လည်း တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြနေသည့် အင်္ဂလန်အသင်း အနိုင်ရသွားမည်ဟု ထင်မိသည်။

### ပါရာဂွေးနှင့် ထရီနီဒက်

ဇွန် ၂၁ ရက် **(မနက်ဖြန်)** မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် ကိုင်ဇာစလော့တန်မြို့ရှိ Fritz-Walter-Stadion အားကစားကွင်း၌ အုပ်စု(ခ)မှ ပါရာဂွေးအသင်းနှင့် ထရီနီဒက်နှင့် တိုဘာဂိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အုပ်စုတက်ရန် မျှော်လင့်ချက် ရေးရေးရှိနေသော ထရီနီဒက်အသင်းနှင့် မျှော်လင့်ချက်ကုန်နေပြီဖြစ်သော ပါရာဂွေးအသင်းတို့၏ပွဲစဉ်မှာ အင်္ဂလန်နှင့် ဆွီဒင်ပွဲလောက် ဆွဲဆောင်မှုရှိနိုင်မည် မဟုတ်ပေ။ နှစ်သင်းစလုံး ခံစစ်အားပြုသော အသင်းများဖြစ်၍ ယခုပွဲ မည်သို့ကစားကြမည်ဆိုသည့် တစ်ချက်သာလျှင် စဉ်းစားစရာရှိသည်။

# အင်္ဂလန်အသင်း အဝါရောင်ဆွီဒင်ကို ရာဇဝင်ထဲမှာ ထားခဲ့မှာလား



**အောင်ပွဲခံ**

**ဂျာမနီအသင်းနှင့် ကော့စတာရီကာအသင်းတို့၏ ပွဲစဉ်တွင် ဂျာမနီ အသင်းအတွက် ပထမဂိုး သွင်းယူပြီးနောက် ဖိလစ်လမ်း ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့သည်။**

(ဓာတ်ပုံ-အင်တာနက်)

အား အနိုင်ရရှိသည့်မှတ်တမ်း မရှိပေ။ အင်္ဂလန်အသင်း ယခုပွဲအနိုင်ရရှိခဲ့လျှင် ဆွီဒင်အသင်းအား အနိုင်မရဖူးသည့် မှတ်တမ်းကို ရာဇဝင်ထဲ၌ ထားခဲ့နိုင်မည်ဖြစ်သည်။ ဆွီဒင်အသင်းအနေဖြင့် ယခုပွဲကို ခြေကုန်ထုတ်ကစားရန် အခြေအနေနှစ်ရပ်ရှိနေသည်။ ထရီနီဒက်နှင့် ပါရာဂွေးပွဲအဖြေကို ကြိုတင်မသိရခြင်းနှင့် အုပ်စုပထမရခဲ့လျှင် အိမ်ရှင်ဂျာမနီကို ရှောင်လွှဲနိုင်ခြင်းပင် ဖြစ်သည်။ အင်္ဂလန်အသင်းအနေဖြင့်လည်း ယခုပွဲကို အနိုင်ကစားရန် အကြောင်းအချက် အခိုင်အလုံရှိနေသည်။ အုပ်စုပထမရရှိရန် တစ်မှတ်လိုနေခြင်းနှင့် ဆွီဒင်အသင်းကို အနိုင်မရဖူးသေးဟူသော မှတ်တမ်းဟောင်းကို ချေဖျက်လိုခြင်းပင် ဖြစ်သည်။

ဆွီဒင်လူမျိုး နည်းပြ အဲရစ်ဆင်သည် ကမ္ဘာ့ဖလားပွဲပြီးလျှင် အင်္ဂလန်

ထရီနီဒက်အသင်းက အနိုင်ရခဲ့လျှင် လေးမှတ်ရမည်ဖြစ်ရာ အင်္ဂလန်နှင့် ဆွီဒင်ပွဲအဖြေကို နားစွင့်ကြည့်ရမည်ဖြစ်သည်။ ဆွီဒင် အနိုင်နှင့် သရေဆိုပါက ထရီနီဒက်အသင်း အိမ်ပြန်ရုံသာရှိပေသည်။ ထရီနီဒက်၏ခြေစွမ်းကလည်း ပါရာဂွေးကိုနိုင်လောက်သည့် အနေအထားမရှိပေ။ ပါရာဂွေး၏ လက်ရှိ ကမ္ဘာ့အဆင့်(၃၃)၊ ထရီနီဒက်၏ လက်ရှိ ကမ္ဘာ့အဆင့်(၄၇)ဖြစ်သည်။ ပါရာဂွေးနှင့် ထရီနီဒက်တို့ ယခင်က နှစ်ကြိမ်ဆုံတွေ့ခဲ့ဖူးရာ နှစ်ပွဲစလုံး သရေကျခဲ့သည်။ ယခုပွဲ၌လည်း ထရီနီဒက်အသင်း သရေလောက်သာ မျှော်လင့်နိုင်သည်။ တောင်အမေရိကတိုက်မှ ပါရာဂွေးအသင်း ဂုဏ်သိက္ခာအတွက် ခြေကုန်ထုတ်ကစားလျှင် အနိုင်ရသွားမည် ထင်ပါကြောင်း ပွဲကြိုအဖြစ် သုံးသပ် ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

**အုပ်စု(က)ရပ်တည်မှုအနေအထား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|
| အီကွေဒေါ | ၂ | ၂ | - | - | ၅ | - | ၆ |
| ဂျာမနီ | ၂ | ၂ | - | - | ၅ | ၂ | ၆ |
| ပိုလန် | ၂ | - | - | ၂ | - | ၃ | ၀ |
| ကော့စတာရီကာ | ၂ | - | - | ၂ | ၂ | ၇ | ၀ |

**အုပ်စု(ခ)ရပ်တည်မှုအနေအထား**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | သွင်း | ပေး | ရမှတ် |
|---|---|---|---|---|---|---|---|
| အင်္ဂလန် | ၂ | ၂ | - | - | ၃ | - | ၆ |
| ဆွီဒင် | ၂ | ၁ | ၁ | - | ၁ | - | ၄ |
| ထရီနီဒက် | ၂ | - | ၁ | ၁ | - | ၂ | ၁ |
| ပါရာဂွေး | ၂ | - | - | ၂ | - | ၂ | ၀ |

**သုံးသပ်ရေးသားသူ — ကိုဇေထွေး**

# ကမ္ဘာ့ဖလား သတင်းဂယက်

## ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးထူးခြားသတင်းများ

စုစည်းတင်ပြသူ – မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၁၉

**၂၀၀၆ခုနှစ် ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ ဇွန်၂၀ရက်**(ယနေ့) **ကစားမည့်ပွဲများနှင့် ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။**

**အင်္ဂလန်တိုက်စစ်မှူး ရွန်နေ။**
(ဓာတ်ပုံ–အင်တာနက်)



### ဆွီဒင်နှင့်ပွဲ၌ ရွန်နေပါဝင်ကစားမည်

အင်္ဂလန်တိုက်စစ်မှူးရွန်နေသည် ဇွန် ၂၀ရက် **(ယနေ့)** တွင် ဆွီဒင်နှင့်ကစားမည့်ပွဲ၌ မိုက်ကယ်အိုဝင်၊ ပီတာခရော့ချ်တို့နှင့်အတူ ပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။ ရွန်နေသည် အင်္ဂလန်အသင်းထရီနီဒက်နှင့်ပွဲတွင် ၃၃ မိနစ်ကြာပါဝင်ကစားခဲ့ပြီး ဒဏ်ရာအခြေအနေတိုးတက်ကောင်းမွန်နေသဖြင့် ၄၅မိနစ်ကျော်ပါဝင်ကစားရန် ဆရာဝန်များခွင့်ပြုပေးထားသည်။

ရွန်နေကို ဆွီဒင်နှင့်ပွဲတွင် ပွဲချိန်ပြည့် ထည့်ကစားနိုင်မှု ရှိမရှိကို နည်းပြအဲရစ်ဆင်က ချိန်ဆလျက်ရှိသည်။

### ဆွီဒင်ကိုအနိုင်ကစားရန် အဲရစ်ဆင်ဆုံးဖြတ်ထား

အင်္ဂလန်နည်းပြ အဲရစ်ဆင်သည် ဇွန်၂၀ရက် **(ယနေ့)** ကစားမည့်ပွဲအား မိမိတို့အနိုင်ကစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။ အင်္ဂလန်အသင်း နှစ်ပွဲကစား ခြောက်မှတ်ရရှိနေရာ အုပ်စုတက်ရန် သေချာနေပြီဖြစ်သည်။



**အင်္ဂလန်အသင်းနည်းပြ အဲရစ်ဆင်။**
(ဓာတ်ပုံ–အင်တာနက်)

အဲရစ်ဆင်က မိမိအသင်း ယခုထိကစားပုံကို အားမရသေးကြောင်း၊ ကစားပုံမကောင်းကြောင်း၊ ဒီထက် ပိုကောင်းရန် လိုအပ်နေသေးကြောင်း၊ သို့သော်လည်း အောင်ပွဲများရနေ၍ ကျေနပ်ကြောင်း ၎င်းက ပြောကြားသည်။ ဆွီဒင်ကိုအနိုင်ရရန် ယခုကစားပုံနှင့်မရကြောင်း၊ ဒီထက် ကစားအားတင်ရန် လိုအပ်နေကြောင်းလည်း အဲရစ်ဆင်က ပြောကြားလိုက်သည်။

### ကမ္ဘာ့ဖလားပွဲပြီးလျှင် နည်းပြအဖြစ်မှ ကလင်းစမန်း နုတ်ထွက်မည်

၂၀၀၆ခုနှစ် ဂျာမနီကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကြီး ပြီးဆုံးလျှင် မိမိ ဂျာမနီနည်းပြအဖြစ်မှ နုတ်ထွက်မည်ဖြစ်ကြောင်း ကလင်းစမန်းက ပြောကြားလိုက်သည်။ အသက်(၄၁)နှစ် အရွယ်ရှိ ကလင်းစမန်းကို ဂျာမနီ ဘောလုံးအဖွဲ့ချုပ်က နည်းပြအဖြစ် ဆက်လက်ခန့်ထားရေး အဆိုပြုမှုကို ကလင်းစမန်းက ငြင်းပယ်လိုက်သည်။

မိမိ၏ မိသားစုနှင့်အတူ အချိန်ပေးရန် လိုအပ်၍ ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

### အင်္ဂလန်နှင့်ပွဲတွင် အီဘရာဟီမိုဗစ် မကစားနိုင်၍ နည်းပြစိတ်ပျက်နေ

ဇွန်၂၀ရက် **(ယနေ့)** ပွဲတွင် ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ် ဒဏ်ရာရရှိ၍ ပါဝင်မကစားနိုင်ခြင်းအတွက် ဆွီဒင်နည်းပြ လားစ်လာဂါဘတ် စိတ်ပျက်နေကြောင်း သိရသည်။ ဆွီဒင်အသင်းအနိုင်ရရန် လိုအပ်လျက်ရှိရာ အားထားသော တိုက်စစ်မှူး အီဘရာဟီမိုဗစ်၏ ဒဏ်ရာမှာ ဆေးစစ်ချက်အရ အင်္ဂလန်နှင့်ပွဲတွင် ကစားရန်မသင့်သေးကြောင်း ဆရာဝန် မက်နက်စ်ပရော့ဘလက်က ပြောကြားသည်။ သို့သော်လည်း အီဘရာဟီမိုဗစ်၏ လေ့ကျင့်နေမှုအခြေအနေကို နည်းပြလားစ်လာဂါဘတ်က စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

### ဂျာမနီကို သတိထားကစားရမည်ဟု အီကွေဒေါနည်းပြသတိပေး

ယနေ့ ဂျာမနီနှင့်ကစားရမည့်ပွဲမှာ ပွဲကျပ်တစ်ခုဖြစ်ကြောင်း၊ အီကွေဒေါတိုက်စစ်မှူးများ သာမန်ထက် နှစ်ဆကြိုးစားရမည်ဖြစ်ကြောင်း အီကွေဒေါနည်းပြ ဗာနန်ဒိုဆွာရက်ဇ်က ပြောကြားလိုက်သည်။

အီကွေဒေါသည် ဂျာမနီကို အနိုင်ကစားပြီး အုပ်စုပထမနေရာယူရန် ဆန္ဒပြင်းပြနေရာ နည်းပြ ဖာနန်ဒိုဆွာရက်ဇ်က အီကွေဒေါ ကစားသမားတစ်ဦးစီအား မည်သို့ကစားရမည်ကို အသေးစိတ် သင်ကြားပြသထားသည်။



**ဂျာမနီ နည်းပြ**

**ဂျာမနီနည်းပြ ကလင်းစမန်း။**
(ဓာတ်ပုံ–အင်တာနက်)

### ပါရာဂွေးနှင့်ပွဲ၌ ထရီနီဒက်နောက်ခံလူ ဂရေးမပါနိုင်

ယနေ့ကစားမည့် ပါရာဂွေးနှင့်ပွဲတွင် ထရီနီဒက်နောက်တန်းခံစစ်မှူး ဂရေးသည် ဝဲဘက်ခြေထောက် ဒဏ်ရာရရှိခဲ့သဖြင့် ပါဝင်ကစားနိုင်ဖွယ်မရှိကြောင်း၊ ၎င်းသည် အင်္ဂလန်နှင့်ကစားခဲ့သည့်ပွဲ၌ ဒဏ်ရာရရှိခဲ့၍ဖြစ်ကြောင်း သိရသည်။

အသက် ၂၉နှစ်အရွယ်ဂရေးသည် ထရီနီဒက်အသင်း၌ အားထားရသော ကစားသမားတစ်ဦးဖြစ်ပြီး ယခုအခါ ဒဏ်ရာရရှိနေမှုကြောင့် သီတင်းတစ်ပတ်ကျော်ကြာ အနားယူရလိမ့်မည်ဖြစ်ကြောင်း အသင်းဆရာဝန်က ပြောကြားသည်။

### ပက်ဂျီဆန်၊ နာကာတာနှင့်ဇီရော်ဘတ်တိုတို့ အကောင်းဆုံးဆုများရရှိ

ပြင်သစ်နှင့်တောင်ကိုရီးယားပွဲတွင် တောင်ကိုရီးယားမှ ပက်ဂျီဆန်၊ ဂျပန်နှင့် ခရိုအေးရှားပွဲတွင် ဂျပန်ကွင်းလယ်ကစားသမားနာကာတာ၊ ဘရာဇီးနှင့်ဩစတြေးလျပွဲတွင် ဘရာဇီး ကွင်းလယ်ကစားသမား ဇီရော်ဘတ်တို့ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများရရှိခဲ့သည်။ ။

**(အင်တာနက်)**



**ဆွီဒင်တိုက်စစ်မှူး အီဘရာဟီမိုဗစ်။**
(ဓာတ်ပုံ–အင်တာနက်)

## ဘရာဇီးအသင်း ဩစတြေးလျကို ခက်ခဲစွာကစားခဲ့ရ တောင်ကိုရီးယားက ပြင်သစ်ကိုသရေကစားပြီး အုပ်စု၌ဦးဆောင်

တင်ပြသူ **မြင့်မောင်စိုး**





နုရင်ဘတ် ဇွန် ၁၉

**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု ဒုတိယမြောက်ပြိုင်ပွဲများကိုဇွန် ၁၈ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ အုပ်စု(စ)မှ လက်ရှိ ချန်ပီယံ ဘရာဇီးအသင်းက ဩစတြေးလျအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သော်လည်း တစ်အုပ်စုတည်းမှ ဂျပန်အသင်းနှင့် ခရိုအေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဂိုးမရှိသရေကျခဲ့သည်။**

အလားတူ အာရှမှ တောင်ကိုရီးယားအသင်းကလည်း ဥရောပ နာမည်ကြီး ပြင်သစ်အသင်းကို တစ်ဂိုးစီသရေကစားနိုင်ခဲ့သည်။

### အနိုင်ရရေးကြိုးပမ်း

ဂျပန်ဂိုးသမား ကာဝါဂူချီက ခရိုအေးရှားကစားသမား ဒါရီဂျိုဆာနာ၏ ပယ်နယ်တီကို ကာကွယ်ပေးနိုင်ခဲ့ပြီး ဂိုးမရှိသရေဖြင့် ခရိုအေးရှားအသင်း၏ အနိုင်ရရေးကြိုးပမ်းမှုကို ဟန့်တားလိုက်သည်။

ယင်းပယ်နယ်တီမှာ ဂျပန်နောက်တန်းလူ မီယာမိုတိုက ပထမပိုင်းတွင် ခရိုအေးရှားကစားသမား ဒါဒိုပါဆိုအား ကြမ်းတမ်းစွာ ကစားခဲ့သဖြင့် ပယ်နယ်တီပေးရခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုကို ဂျပန်ကွင်းလယ် ကစားသမား နာကာတာက ဆွတ်ခူးနိုင်ခဲ့သည်။

### ဂိုးသွင်းနိုင်ခြေရှိ

ည ၁၀ နာရီခွဲပွဲအဖြစ် ဘရာဇီးအသင်းနှင့် ဩစတြေးလျအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘရာဇီးတို့ ဒုတိယပိုင်းရောက်မှသာလျှင် အနိုင်ဂိုးသွင်းနိုင်ခဲ့သည်။ ပထမပိုင်းတွင်တစ်သင်းနှင့်တစ်သင်း ခြေရည်တူ အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြသည်။ နှစ်သင်းစလုံး ဂိုးသွင်းနိုင်ခြေများ ရှိသော်လည်း ဂိုးမရခဲ့ပေ။

ဩစတြေးလျ ကစားသမားများ ဖြစ်သည့် ရှဝါဇာ၊ တင်ကာဟေးလ်နှင့် ဗီဒူကာတို့မှာ ပရီမီယာရှစ်တွင် အတွေ့အကြုံရင့်ကျက်သော ကစားသမားများ ဖြစ်ခဲ့မှုကြောင့်လည်း

**တောင်ကိုရီးယား တိုက်စစ်မှူး ပက်ဂျီဆန်က ပြင်သစ်အသင်း ဘက်သို့ ဤသို့ချေပဂိုးသွင်းယူခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)



ဩစတြေးလျအသင်းကို ဘရာဇီးတို့ အလွယ်တကူ အနိုင်မရခဲ့ခြင်းဖြစ်သည်။

သို့သော်လည်း ရေရှည် ခြေမှန်မှန်ကစားတတ်သော ဘရာဇီးအသင်းသည် နောက်ဆုံး၌ အနိုင်ဂိုးသွင်းကာ နိုင်ပွဲ ဆက်နိုင်ခဲ့သည်။

ဘရာဇီးအသင်းအတွက် အနိုင်ဂိုးများကို ပွဲချိန်၄၉မိနစ်တွင် ရော်နယ်ဒိုက ဩစတြေးလျ နောက်တန်းလူများကို လိမ်ခေါက်ပြီး ထိုးပေးလိုက်ရာ အက်ဒရီယာနိုက ပိုင်ပိုင်နိုင်နိုင် ကန်သွင်းယူလိုက်နိုင်သည်။ ဒုတိယမြောက်ဂိုးကို ပွဲပြီးရန် မိနစ်၉၀ ပြည့်ချိန်တွင် ရော်ဘင်ဟို ကန်သွင်းရာ ဂိုးတိုင်ထိပြီး ပြန်ထွက်လာသည့် ဘောလုံးကို လူစားဝင်လာသူ ဖရက်ဒ်က အသာအယာသွင်းယူသွားခဲ့သည်။



**ဘရာဇီးကစားသမား ရော်နယ်ဒင်ဟို(ဝဲ)၏ ထိုးဖောက်ကစားဟန်။**
(ဓာတ်ပုံ–အင်တာနက်)

### အကောင်းဆုံးဆု

ဩစတြေးလျအသင်းက ဘရာဇီးအသင်းကိုရှုံးသော်လည်း ဇွန် ၂၂ ရက်တွင် အုပ်စုနောက်ဆုံးပွဲအဖြစ် ခရိုအေးရှားအသင်းကို သရေကစားနိုင်ခဲ့လျှင် ဩစတြေးလျအသင်း အုပ်စုဒုတိယဖြင့် နောက်ဆုံး ၁၆သင်း တက်နိုင်လိမ့်မည် ဖြစ်သည်။ ဘရာဇီးနှင့် ဩစတြေးလျပြိုင်ပွဲတွင် ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဇီရောဘတ်တိုက ဆွတ်ခူးနိုင်ခဲ့သည်။

### သရေပွဲဖြစ်

နံနက် ၁နာရီခွဲပွဲအဖြစ် ပြင်သစ်အသင်းနှင့် အာရှသား တောင်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီသွင်းပြီး သရေပွဲဖြစ်သွားခဲ့သည်။

### ဂိုးမပေး

ပြင်သစ်အသင်းသည် ၁၉၉၈ခုနှစ်က ဘရာဇီးအသင်းကို အနိုင်ရဗိုလ်စွဲခဲ့ပြီးနောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အနိုင်မရဘဲရှိသည်။ ပြင်သစ် အသင်းအတွက် အွန်နရီက ပွဲချိန် ၉မိနစ်တွင် ဦးဆောင်ဂိုး သွင်းနိုင်ခဲ့သည်။ ပြင်သစ် ကစားသမား ပက်ထရစ်ဗီယာရာ သွင်းယူသော ခေါင်းတိုက်ဂိုးမှာဂိုးစည်းကိုကျော်သွားသော်လည်း တောင်ကိုရီးယားဂိုးသမား လီဝမ်ဂျေးက မဂိုးဟု ငြင်းဆိုခဲ့သည်။ ဒိုင်လူကြီးက ယင်းဂိုးအတွက် ဂိုးပေးခြင်း မရှိခဲ့ပေ။

### ချေပဂိုးသွင်းယူ

ပွဲချိန် ၈၁ မိနစ်တွင် တောင်ကိုရီးယား တိုက်စစ်မှူး ပက်ဂျီဆန်က ပြင်သစ် နောက်တန်းလူများကြားမှ ချေပဂိုး သွင်းယူလိုက်သည်။

### ဦးဆောင်နေ

တောင်ကိုရီးယားအသင်းသည် တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် အုပ်စု(ဆ)တွင် လေးမှတ်ရရှိကာ ပြင်သစ်အသင်းထက်နှစ်မှတ်အသာဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေသည်။ ယင်းပြိုင်ပွဲ၏ အကောင်းဆုံးကစားသမားဆုကို တောင်ကိုရီးယားအသင်းမှ ပက်ဂျီဆန်က ဆွတ်ခူးသွားသည်။ ။

**(အင်တာနက်)**



## ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးငွေပေးအပ်ပွဲ ကျင်းပ

**လားရှိုး ဇွန် ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့ တွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် တပ်ဖွဲ့ဝင်စာရေးဝန်ထမ်းမိသားစုများ၏ သားသမီးများ ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက်နံနက် ၁၁ နာရီက လားရှိုးမြို့ အမှတ်(၁)ရဲစခန်း ရဲသူရိန်ခန်းမ၌ကျင်းပရာ ယာယီတွဲဖက်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကံလှိုင်က အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၇၆၂၂၀၀ ကို ပြည်နယ် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်သန်းသန်းလှဲ့ထံ ပေးအပ်သည်။ **(ဝဲပုံ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲတပ်ဖွဲ့အနေဖြင့် ၂၀၀၆-၂၀၀၇ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်းကျပ် ၃၁၁၇၅၀၀ ထောက်ပံ့ ပေးအပ်သည်။ **(က-ပ)**



## ပဲခူးတိုင်း(အနောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းများအဆင့်မြှင့်တင်ရေးထပ်ဆင့်ရှင်းလင်း

**ပြည် ဇွန် ၁၀**

၂၀၀၆-၂၀၀၇ ခုဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲများကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့က ဇွန် ၄ ရက်နံနက် ၉ နာရီက ကြို့ပင်ကောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အစည်းအဝေးခန်းမ၌ သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့်တွေ့ဆုံ၍ လည်းကောင်း၊ ဇွန် ၆ ရက် မွန်းလွဲ ၁ နာရီက ပြည်မြို့နယ် တိုင်းစည်ပင်သာယာရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ပြည်ခရိုင်အတွင်းရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် တွေ့ဆုံ၍လည်းကောင်း ကျင်းပရာ ညွှန်ကြားရေးမှူး ဦးစိုးလွင်က ရှင်းလင်းဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **(က-ပ)**

**မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အဝေးပြေးလမ်းမကြီး လမ်းဘေး ဝဲယာတွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဇွန် ၇ ရက်က ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြရာသို့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



## ချောင်းဦး ပြည်သူ့ဆေးရုံသို့ အသင်းအဖွဲ့များက ဆေးဝါးများလှူဒါန်း ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ချောင်းဦး ဇွန် ၁၀

**မုံရွာခရိုင် ချောင်းဦးမြို့ပြည်သူ့ဆေးရုံသို့ စစ်ကိုင်းတိုင်းအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များက ဆေးဝါးများပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဇွန် ၆ရက်က ချောင်းဦးမြို့ပြည်သူ့ဆေးရုံ၌ ကျင်းပသည်။**

အခမ်းအနားတွင် ဆေးဝါးများ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ ချောင်းဦးမြို့ ပြည်သူ့ဆေးရုံနှင့် အမြင့် တိုက်နယ်ဆေးရုံသို့ စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်ဝေက ကျပ်လေးသောင်းတန်ဖိုးရှိ ချိုင်နင်ဆလိုင်းပုလင်း၁၀၀၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါက်တာဝင်းမြင့်အောင်က ကျပ်လေးသောင်းတန်ဖိုးရှိ ချိုင်နင်ဆလိုင်းပုလင်း ၁၀၀၊ **(အပေါ်ပုံ)**၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်က ငွေကျပ်နှစ်သောင်းတန်ဖိုးရှိ ချိုင်နင်ဆလိုင်းပုလင်း ၅၀၊ စစ်ကိုင်းတိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ငွေကျပ်နှစ်သောင်း တန်ဖိုးရှိ ချိုင်နင်ဆလိုင်းပုလင်း ၅၀ တို့ ပေးအပ်လှူဒါန်းရာ စစ်ကိုင်းတိုင်း ဒုတိယတိုင်းကျန်းမာရေးမှူး ဒေါက်တာ သန်းသန်းမြင့်နှင့် ချောင်းဦးမြို့ ပြည်သူ့ဆေးရုံမှ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ခင်စန်းဝင်းတို့က လက်ခံရယူကြသည်။

**ဟောပြော**

ဆက်လက်ပြီး စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ရဲမှူးကြီးမြင့်ဝေဦးဆောင်သည့် စစ်ကိုင်းတိုင်းအတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များသည် ချောင်းဦးမြို့ တမာမြိုင်ရပ်ကွက်အတွင်းရှိ ရပ်ကွက်ပြည်သူများအား ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပရာ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းမြင့်၊ မုံရွာခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာ ရီရီလွင်၊ စစ်ကိုင်းတိုင်း ကျန်းမာရေးဦးစီးဌာန ဒုတိယကျန်းမာရေးမှူး ဒေါက်တာ သန်းသန်းမြင့်နှင့် ချောင်းဦးမြို့ ပြည်သူ့ဆေးရုံမှ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်စန်းဝင်းတို့က ကျန်းမာရေးအသိပညာပေးဟောပြောကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ် နယုန်လပြည့်ကျော်(၁၁)ရက်**
**၂၁-၆-၂၀၀၆**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်)

**နေ့လယ်ပိုင်း**

၁၁း၁၅ သားငါးဖွံ့ဖြိုး ပြည့်အကျိုး (သန်ကောင်ရောဂါအကြောင်း သိကောင်းစရာများ)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ လယ်စကား ယာစကား (ဒေါ်စောမုံညင်း)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (အသေးအမွှား အလေးထားကြစို့-ဒေါက်တာခင်မောင်ညို)
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) မှိုင်းရိပ်ကယ်တည့်(ကြိုး) ဒလဝေဝေ
(၂) မိုးဒေဝါ (ပတ်ပျိုး) အေးအေးသွယ်
(၃) ဒီပါအေးမြ (ပတ်ပျိုး) ကေတုဝင်းထွတ်

**ညနေပိုင်း**

၁၆း၃၀ **၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်**
၁၇း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မိုးနဲ့အတူချစ်ရတဲ့သူ
(၂) နှင်းဆီမလေးချစ်ပုံပြင်
(၃) သည်နွေမိုးဆောင်း ပြောင်းသော်လည်း
၁၇း၃၀ အစာနှင့်အာဟာရ (အာလူးဆန္ဒင်းမကင်းနှင့် ငှက်ပျောသီးဆန္ဒင်းမကင်း)
၁၇း၄၅ သူ့လက်သံ (အဆို၊အက၊အရေး၊အတီး ဆုရရောဝတီတိုင်းမှ မလွှင်လွှင်ချိုထွန်း၏စန္ဒရားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အတွေးများနှင့်မိတ်ဖွဲ့ခြင်း (ရဝေနွယ်-အင်းမ)
(၂) နိုင်ငံခြားပြန်ပုရွက်ဆိတ် (ကောင်းသန့်)
၁၉း၁၅ သီချင်းကြီးအဖွဲ့ (မြတ်ယဉ်သာသီချင်းကြီးအဖွဲ့)
၂၀း၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး ( Heart တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အချစ်များနှင့်ကမ္ဘာ-၃ တေးစီးရီး)

## ခြံစည်းရိုးကြက်ဆူပင်စုပေါင်းစိုက်ပျိုး

**ညောင်ရွှေ ဇွန် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့နယ် အမျိုးသမီးရေးရာ အဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇွန်၅ရက် နံနက်၉နာရီခွဲက ထပ်အမ်သဲကုန်းရှိ မြေ ၁၀ ဧက စိုက်ကွင်းတွင် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးကြသည်။

**စုပေါင်းစိုက်ပျိုး**

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတော်သို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥက္ကဋ္ဌ ဒေါ်ဖြူဖြူရှန်နှင့် အဖွဲ့ဝင်များ၊ မြို့မ(၈)ရပ်ကွက် ဥက္ကဋ္ဌများ၊ ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်၍ခြံစည်းရိုး ကြက်ဆူပင်များကို စနစ်တကျစုပေါင်းစိုက်ပျိုးကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ကဆောင်ရွက်လျက်ရှိသော မင်းကန် ပတ် လမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို မေ ၁၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင် ဂျင် နီ ယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

## မော်ကျွန်း ထွေ/အုပ် ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း ဇွန် ၁၂**

မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မော်ဇရာခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

**ထောက်ပံ့**

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကား ပြောကြားပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၈၀ တို့၏ သားသမီးများအားပညာသင်ထောက်ပံ့ကြေးငွေကျပ် နှစ်သိန်းခွဲကျော်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က ထောက်ပံ့ပေးအပ်သည်။ **(အောက်ပုံ)**

(၀၉၇)



## လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးအလုပ်ရုံဆွေးနွေး

**ကသာ ဇွန် ၁၀**

ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂ ရက် ညနေ ၃ နာရီက ကသာခရိုင်ရုံး စာကြည့်တိုက်ခန်းမတွင်ကျင်းပရာ ခရိုင်ဦးစီးအရာရှိဦးညွန့်ရွှေက အဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဖွင့်လှစ်ပြီးစာကြည့်တိုက်များဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ရေးကို ခတ်ပုံကျွမ်းကျင်(၂) ဦးမျိုးသန့်က လည်းကောင်း၊ ဒို့ကျေးရွာဂျာနယ်များ ဖြန့်ဝေမှုစနစ်ခိုင်ခိုင်မာမာထူထောင်ရေးကို ရုပ်သံကျွမ်းကျင်(၃)ဒေါ်လှလှရည်က လည်းကောင်း၊ ကျေးလက် စာကြည့်တိုက်များ မှတ်ပုံတင်ရေးကို ယာဉ်မောင်းကျွမ်းကျင်(၅) ဦးပြည့်စုံဦးက လည်းကောင်း ဆွေးနွေးဟောပြောကြသည်။

**အကြံပြုဆွေးနွေး**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံ ဆွေးနွေးပွဲသို့ ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကော်မတီဝင်များ၊ ဆရာဆရာမများ၊ စာကြည့်တိုက်မှူးများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ တက်ရောက်ကြပြီး လုပ်ငန်းများအောင်မြင်ရေး အကြံပြုဆွေးနွေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

## ပရိယတ္တိသာသနဟိတအသင်း အဘိဓံသရာပြည့်ပွဲကျင်းပမည်

**မန္တလေး ဇွန် ၆**

မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးက သီးခြားစာချ အဘိဓံသဆရာတော်များ ဖော်ထုတ်ကိုးကွယ်ခဲ့ခြင်း နှစ် ၁၀၀ပြည့်ပြီးဖြစ်၍ ဂုဏ်ပြု ပူဇော်ပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလဆန်း ၉ရက် (ဇူလိုင် ၃ရက်) တနင်္လာနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ပင့်သံဃာ တစ်ပါးလျှင် ငွေကျပ် နှစ်သောင်းမှ ငါးသောင်းအထိ ဆက်ကပ်မည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ စေတနာရှင်၊ ကုသိုလ်ရှင်များက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ ပရိယတ္တိသာသနဟိတအသင်း ၈၅ လမ်းနှင့် ၃၅လမ်းထောင့် ဖုန်း–၀၂–၃၉၂၃၂နှင့် ၀၂–၆၀၅၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၁၃)**



**မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ် သိန်း ၃၀၀ကျော်အကုန်အကျခံတည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက် ဇွန် ၅ရက်က သာသနာပြုနယ်လှည့် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ဝိမလထံ သထုံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်–ဒေါ်တင်သိန်းမြင့် မိသားစုက ငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။** (၁၆၈)

## အဆို၊အက၊အရေး၊အတီးသင်တန်းဆင်းပွဲ မြိတ်မြို့တွင်ကျင်းပ

မြိတ် ဇွန် ၁၀

**တနင်္သာရီတိုင်း မြိတ်ခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဆင်းပွဲ အခမ်းအနားကို ဇွန်၆ ရက် နံနက် ၉နာရီက မြိတ်မြို့ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကြွယ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆရာများအား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ သင်တန်းသားများအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်းပေးအပ်ကြသည်။ **(ယာပုံ)**

ထို့နောက် သင်တန်းနည်းပြအဖွဲ့ခေါင်းဆောင် ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်)မှ လက်ထောက်ကထိက ဒေါ်ဝင်းကြည်က သင်တန်းအတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး သင်တန်းသူ သင်တန်းသားများက အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေကြသည်။

အဆိုပါ သင်တန်းသို့ ခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသူ သင်တန်းသား အဆို ၂၃ ဦး၊ အက ၅၈ဦး၊ အရေး ၁၆ ဦးနှင့် အတီး ၃၅ ဦး စုစုပေါင်း ၁၃၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**



**ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ကြက်ဆူပင်နှင့် ပန်းအလှပင်များ ပျိုးထောင်မှုကို ဇွန် ၄ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးစန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဝေက ရှင်းလင်းတင်ပြစဉ်။** (၃၄၇)

## အမြို့မြို့ အနယ်နယ် သတင်းများ

## ကွမ်းလုံခရိုင် ပြန်/ဆက်ဦးစီးဌာန ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့

ကွမ်းလုံ ဇွန် ၅

**ကွမ်းလုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မြို့နယ်နှင့် မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများ၏ သားသမီးများအတွက် ၂၀၀၆–၂၀၀၇ပညာသင် စရိတ် ထောက်ပံ့ခြင်းကို မေ ၃၀ရက် နံနက် ၉နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးခန်းမတွင် ကျင်းပသည်။**

**အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက ၂၀၀၆–၂၀၀၇ ခုနှစ် အတွက် ပညာသင်စရိတ် အကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်၊ မြို့နယ်နှင့် မြို့ရုံးများရှိ ဝန်ထမ်းသားသမီး၁၅ဦးတို့အတွက် ကျောင်းစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပေးအပ်ရာ ဝန်ထမ်း မိသားစုများကိုယ်စားကွမ်းလုံမြို့နယ် ဦးစီးမှူး ဦးကျော်စိုးလင်းကလက်ခံရယူသည်။** (မြို့နယ် ပြန်/ဆက်)

## တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဆင်း ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များရှင်းလင်း

**မြစ်ကြီးနား ဇွန် ၆**

ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့် ကချင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနတို့ စုပေါင်းဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာ အခြေခံသင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉နာရီက ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင် ကချင်ပြည်နယ်တာဝန်ခံ ဆရာဦးထိန်ဝင်းနှင့် ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနဦးစီးမှူး ဦးမြကြိုင်တို့က အမှာစကားများ ပြောကြားကြသည်။

### လုပ်ငန်းစဉ်များရှင်းလင်း

ထို့နောက် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရသင်တန်းသူ သင်တန်းသားများအား ဆုချီးမြှင့်ပေးအပ်ပြီး ကချင်ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူးဦးဝ္ဂန်လရိန်**(အပေါ်ပုံ)**က သင်တန်းကာလအတွင်း အားနည်းချက်၊ အားသာချက်များ ခြုံငုံသုံးသပ်တင်ပြပြီး ရှေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**



## ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**ဖားကန့် မေ ၁၀**

ဖားကန့်မြို့နယ်တွင်စုပေါင်းခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲကို မေ ၁၅ ရက်နံနက်၈နာရီက ဝေခါကျေးရွာတွင် ကျင်းပသည်။

စုပေါင်းစိုက်ပျိုးပွဲတွင် ဖားကန့်မြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဆိပ်မူးကျေးရွာအုပ်စုရှိ ပြည်သူများစုပေါင်း၍ စိုက်ပျိုးမြေ ဧက ၄၀တွင် ခြံစည်းရိုးကြက်ဆူပျိုးပင် ပေါက်၄၈၀၀၀ကိုစိုက်ပျိုးပေးကြသည်။

အဆိုပါစိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲထွန်းနိုင်က လိုက်လံကြည့်ရှုအားပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ ကြက်ဆူပင်စုပေါင်းစိုက်ပျိုး

**ထန်းတပင် ဇွန် ၇**

ထန်းတပင်မြို့နယ် ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲတော်ကို ဇွန် ၃ရက် နံနက် ၈နာရီက ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ကျောင်းရှေ့လမ်းဘေးဝဲယာ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာနို့အောင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမြသာနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာဥက္ကဋ္ဌများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြသည်။ **(အောက်ပုံ)(မြို့နယ် ပြန်/ဆက်)**



## ပေါင်းမြက်များရှင်း

**ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မော်လမြိုင်–ရန်ကုန် မြို့အဝင်ဆိုင်းဘုတ်မှ သုခိတာရုံဘုန်းတော်ကြီးကျောင်းရှေ့အထိ လမ်းဘေးဝဲယာ ချုံနွယ် ပေါင်းမြက်များ ရှင်းလင်းမှုနှင့် မြို့အဝင်ဆိုင်းဘုတ်အောက်ခြေ ရှင်းလင်းမှုကို ဇွန် ၃ ရက်က အမှုဆောင်အရာရှိ ဦးစောရွှေ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



20-6 (16).p65 1 1/22/32, 1:48 PM

# နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရော်ဘာ၊ ရေတိကောင်းနှင့် ခြစည်းရိုးကြက်ဆူပင်များ လျာထားချက်ထက် ကျော်လွန်အောင်စိုက်ပျိုး



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ရန်ကုန်–စစ်တွေလမ်းမပေါ်ရှိ မင်းချောင်းတံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

**ရန်ကုန် ဇွန် ၁၉**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇွန် ၁၅ ရက် နံနက် ၇ နာရီခွဲတွင် စစ်တွေတပ်နယ်၌ ကျင်းပသည့် စစ်တွေတပ်နယ်အရာရှိ၊ စစ်သည်နှင့် မိသားစုများ၏ ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး ခြစည်းရိုးကြက်ဆူပင်ကို အမှတ်တရစိုက်ပျိုးပေးသည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ခြစည်းရိုးကြက်ဆူပင် တိုးချဲ့စိုက်ပျိုးနိုင်ရေး အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းအမှာစကားပြောကြားသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●

## နေပြည်တော် မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၂၀ ရက်) ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

## ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားမှုများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၉**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိလာပြီး ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့် အထူးဖိတ်ကြားထားသူများက ကြိုဆိုကြသည်။

*စာမျက်နှာ ၃ ကော်လံ ၆* ❐



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားသော ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## ၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပွဲများနှင့် သူတို့အမြင်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ ဇွန် ၂၀ ရက် **(ယနေ့)** တွင် ကစားမည့် ဘောလုံးပွဲစဉ်များနှင့် ပတ်သက်သည့် အမြင်များကို ဆက်သွယ်မေးမြန်းဖော်ပြလိုက်ပါသည်။

**သတင်းစာဆရာနှင့် ဝါရင့်အားကစားကလောင်ရှင် တက္ကသိုလ်ကိုကိုကြီး**

- **အီကွေဒေါနဲ့ ဂျာမနီပွဲကတော့ အုပ်စုဗိုလ်လုရမယ့်ပွဲပါ။ နှစ်သင်းစလုံး နှစ်ပွဲစီနိုင်ထားကြတယ်။ နှစ်ပွဲနိုင် ခြောက်မှတ်ရတာတူပေမယ့် အီကွေဒေါက ပေးဂိုးမရှိဘူး။ တိုက်စစ်ကောင်းသလို ခံစစ်လည်းကောင်းတယ်။ ဂျာမနီက ရှေ့တန်းကောင်းပေမယ့် နောက်တန်းနည်းနည်းဟာနေတယ်။ အီကွေဒေါ အလားအလာကောင်းသလို ဂျာမနီကအိမ်ရှင်ဖြစ်နေတယ်။ ခွဲ၊ စိတ်ဓာတ်ပိုကောင်းတယ်။ ဂျာမနီအလေးသာပေမယ့် ရာခိုင်နှုန်းအားဖြင့်တော့ ၅၀–၅၀ ပါပဲ။**
- **ပိုလန်နဲ့ ကော့စတာရီကာတို့ပွဲကတော့ သိက္ခာဆယ်တဲ့ သဘောမျိုးကစားမယ့်ပွဲပဲ၊ နှစ်သင်းစလုံးပြိုင်ပွဲက ထွက်ရတဲ့အနေအထားရှိနေပြီး အုပ်စုတတိယနေရာအတွက် အနိုင်ကစားရင်တော့ ပိုလန်တို့ အနိုင်ရတဲ့ပွဲပါ။**
- **ဆွီဒင်နဲ့ အင်္ဂလန်ကတော့ ကြည့်ကောင်းမယ့်ပွဲပဲ၊ အင်္ဂလန်က နှစ်ပွဲနိုင်ထားတော့ အုပ်စုဗိုလ်အတွက် သရေပွဲဖြစ်ရင်တောင် ရနေပါပြီ။ အင်္ဂလန်အလယ်တန်းက ကမ္ဘာ့အကောင်းဆုံးအလယ်တန်းပါ။ ဒါပေမယ့် ဆွီဒင်က တစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရထားတော့ အင်္ဂလန်ကို အနိုင်ကစားရင် ခုနစ်မှတ်နဲ့ အုပ်စုဗိုလ်ဖြစ်နိုင်တယ်။ အင်္ဂလန်ကဆွီဒင်ကို အနိုင်မရတာကြာပြီဆိုတော့ အင်္ဂလန်သိပ်တော့မလွယ်ဘူး အတော်ကြိုးစားရမယ်။**

*စာမျက်နှာ ၆ ကော်လံ ၅* ■

FIFA WORLD CUP GERMANY 2006